ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး**

(၁၉)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၉ ရက်**

**( ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက် )**

**[ အင်္ဂါနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ (၁၉)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၇၉.၃၇)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ (၁၉)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ၁၈-၉-၂၀၁၈ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်

နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကွင်းဆင်းလေ့လာရေး ဆောင်ရွက်ရန်။ ဦးဝင်းကြိုင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ AIPA Workshop တက်ရောက်ရန်။ ဒေါက်တာသန်းဝင်း၊ မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဒေါက်တာဦးကြွယ်ကြွယ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးတက်ရောက်ရန်။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဒေါ်ကျိုနိုင်ကိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ နေပြည်တော်ကောင်စီ လယ်စစ်အစည်းအဝေးတက်ရောက်ရန်။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးဥက္ကာမင်း၊ တနင်္သာရီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်မေသန်းနွဲ့၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဒေါက်တာကျော်ငွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးချစ်ထွေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ မကွေးခရိုင် လယ်စစ်အစည်းအဝေးတက်ရောက်ရန်။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေး တက်ရောက်ရန်။ ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးရှန်အောရ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးတက်ရောက်ရန်။ ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)၊ AIPA အစည်းအဝေးတက်ရောက်ရန်တို့ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၈)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၂၈)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၄၆)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်

ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၈)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၈)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၄၆)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ကော်မတီများတွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်နေရာများ အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ ငွေစာရင်းကော်မတီ၊ အစိုးရ၏ အာမခံချက်များ၊

ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၊ အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီ၊ တိုင်းရင်းသားရေးရာကော်မတီ၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီနှင့် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာ ကော်မတီများတွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်နေရာများ အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြပါမယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီတွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး အား အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းခြင်းကိုလည်းကောင်း၊ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီတွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး အစား ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ မန်းထွန်းကြိုင် အား အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး အစား ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကြည်ဝင်း အား အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါ်ခင်ဆွေလွင် အစား ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးငွန်ဟေး အား အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အမျိုးသားလွှတ်တော် အစိုးရမဟုတ်သောပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီတွင် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်နော်ဆာမူထူး အစား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး အား အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးတင်မောင်ဝင်း အစား ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဇယ်ခေါင် အား အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစိုးအောင် အစား မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာဦးကွယ်ကွယ် အား အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းဝမ်းလှိုင်းခမ်း အစား ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစိုင်းလုံစံခတ် အား အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီတွင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ ဒေါ်သီရိရတနာ အစား ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေ့တင်း အား အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ အမျိုးသမီးနှင့်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီတွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာမြသောင်း အစား ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း အား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး အစား ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါ်ခင်ဆွေလွင် အား အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်သန်းသန်းအေးနှင့် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်နော်ဆာမူထူး တို့အား အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီတွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ် အစား တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း အား အတွင်းရေးမှူးအဖြစ်လည်းကောင်း အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကော်မတီများတွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်နေရာများ အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကော်မတီများတွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်နေရာများ အစားထိုး ပြင်ဆင်ဖွဲ့စည်းခြင်းကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမည့် မေးခွန်းများဟာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ရခိုင်ရိုးမရှိ နေပူတောင် ကျောက်ထုတ်လုပ်မှု စီမံကိန်းကို ရပ်ဆိုင်းထားပြီး သဘာဝအခြေခံ ခရီးသွားလုပ်ငန်း စီမံကိန်းအဖြစ် အစားထိုး ပြောင်းလဲလုပ်ကိုင်သွားရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော် က ရခိုင်ရိုးမရှိ နေပူတောင် ကျောက်ထုတ်လုပ်မှု စီမံကိန်းကို ရပ်ဆိုင်းထားပြီး သဘာဝအခြေခံ ခရီးသွားလုပ်ငန်း စီမံကိန်းအဖြစ် အစားထိုး ပြောင်းလဲလုပ်ကိုင်သွားရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးထားတဲ့မေးခွန်းနှင့်စပ်လျဉ်းပြီးတော့ အကျိုးအကြောင်းကို ရှင်းလင်းတင်ပြပေးပါမယ်။ ရခိုင်ပြည်နယ်၊ ရခိုင်ရိုးမမှာ လက်ရှိလည်ပတ်လုပ်ကိုင်နေတဲ့ နေပူတောင် မာဘယ်ကျောက်တောင်မှ ကျောက်ထုတ်လုပ်မှု စီမံကိန်းကို ဗီယက်နမ်နိုင်ငံရဲ့ Simco Song Da Joint Stock Co.Ltd သို့ ၆-၃-၂၀၁၂ ခုနှစ်မှ ၁၅-၃-၂၀၃၂ ခုနှစ်အထိ နှစ်ပေါင်း ၂၀ ထုတ်လုပ်ခွင့်ကို ရောင်းချထားတယ်လို့ သိရှိရပါတယ်။ စီမံကိန်းနှင့်ပတ်သက်လို့ ကမ္ဘာကသတ်မှတ်ထားတဲ့ EIA, SIA, HIA စတဲ့ လေ့လာဆန်းစစ်မှုများလည်း ရှိခဲ့တာတော့ မဟုတ်ပါဘူး။ ဒေသခံတို့ရဲ့ သဘောဆန္ဒကိုလည်း ထည့်သွင်းစဉ်းစားခဲ့ခြင်းမရှိတဲ့အတွက် ပွင့်လင်းမြင်သာမှုမရှိတဲ့ စီမံကိန်းတစ်ရပ်ပဲဖြစ်ပါတယ်။ ယနေ့ ကမ္ဘာမှာ နိုင်ငံအများစုက သဘာဝကုန်ကြမ်းအတိုင်း ရောင်းချတဲ့စနစ် ကုန်ဆုံးသွားပါပြီ။ အများအားဖြင့် မိမိတို့နိုင်ငံမှာရှိနေတဲ့ တောတောင်၊ ရေမြေ၊ မြစ်ချောင်း၊ အင်းအိုင်တွေရဲ့ သဘာဝအလှအပများကို မပျက်စီးမဆုံးရှုံးရလေအောင် ဒေသရဲ့ သဘာဝအလှအပများ မူရင်းအတိုင်း ဆွဲဆောင်ပြသထားတဲ့ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း(Ecotourism)နဲ့ ကမ္ဘာလှည့်ခရီးသွားများထံမှ ငွေတွေကို သိမ်းယူနေကြတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာလည်း ၂၀၁၁ ခုနှစ်မှာ သဘာဝအခြေခံတဲ့ ခရီးသွားလုပ်ငန်းများကို ပိုမိုအဆင်ပြေချောမွေ့စေဖို့အတွက် ပြင်ဆင်ထားတဲ့ အမိန့်ကြော်ငြာစာအမှတ်(၉၈)ကို ထပ်မံထုတ်ပြန်ခဲ့ပြီး ခရီးသွားစခန်းကိုလည်း (၂၁)ခုအထိ တိုးမြှင့်သတ်မှတ်ပေးခဲ့ပါတယ်။ သို့သော်လည်း ရခိုင်ပြည်နယ်ထဲမှ တစ်နေရာခန့်မျှမပါဝင်ခဲ့တာကို ကျွန်တော်တို့အတွက် စိတ်မကောင်းစရာပါပဲ။ ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ စိုင်းတင်ရေတံခွန်၊ မရဖိုင်တောင်တန်း၊ မအီခြေတော်ရာ၊ နေပူတောင်စတဲ့ အထင်ကရနေရာများစွာရှိပါတယ်။ အထူးသဖြင့် ရခိုင်ရိုးမတောင်ပေါ်မှာရှိနေတဲ့ နေပူတောင်ဟာ မြေပေါ်မျက်မြင်အရ ထုထည်ကုဗပေ (၃၄၉၂၃၇၅၀၀)ရှိပြီး အပေါ်သို့ ပေ(၃၀၀)ကျော်ခန့် ထိုးထွက်နေပြီး အောက်ခြေသို့ (၃၅၀)ပေခန့်မျှ နက်ရှိုင်းကြောင်း သိရပါတယ်။ နေပူတောင်မှာ အသွယ်လိုက်၊ အတန်းလိုက်ရှိနေကြတဲ့ သဘာဝကျောက်ဆောင်၊ ကျောက်တန်းများနှင့် မြူခြေရစ်သိုင်းနေတဲ့ ချောက်ကမ်းပါးကြီးများ ပုံစံမပျက်သေးတဲ့ သဘာဝတောများ၊ တသွင်သွင်စီးဆင်းနေတဲ့ တောင်ပေါ်ချောင်းများနှင့် စမ်းချောင်းငယ်များရဲ့ အလှအပများက ညှို့ယူဖမ်းစားဆွဲဆောင်မှုရှိနေကြဆဲပါပဲ။

အခုတော့ ဗီယက်နမ်ကို ရောင်းချထားတဲ့အတွက် ၂၀၃၂ ခုနှစ်လောက်မှာ ရခိုင်တို့ရဲ့ သဘာဝအသဲနှလုံးတစ်ခုဖြစ်တဲ့ နေပူတောင် ပျောက်ဆုံးသွားမှာဖြစ်ပါတယ်။ ဒါကြောင့် အလွန်တန်ဖိုးရှိလှတဲ့ ရခိုင်ရိုးမတောင်ရဲ့ နှစ်သန်းပေါင်း(၁၈၀)နှစ်မှ (၂၂၅)သန်းနှစ်ရှိမယ်လို့ ပညာရှင်များက ခန့်မှန်းထားတဲ့ နေပူတောင်ခေါ်တဲ့ မာဘယ်ကျောက်တောင်ကြီးကိုလည်း လုံးဝပျောက်ကွယ်မသွားရအောင်၊ တိုင်းပြည်ဝင်ငွေလည်းရရှိအောင် ပုပ္ပါးတောင်ကဲ့သို့ သဘာဝအခြေခံခရီးသွားလုပ်ငန်း(Ecotourism)တစ်ခုအဖြစ် ပြောင်းလဲဖန်တီးလုပ်ဆောင်ပေးရန် ညှိနှိုင်းဆောင်ရွက်သင့်ပြီဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရခိုင်ရိုးမ နေပူတောင် ကျောက်ထုတ်လုပ်မှုစီမံကိန်းကို ရပ်တန့်စေကာ သဘာဝအခြေခံခရီးသွားလုပ်ငန်း (Ecotourism)အဖြစ် အစားထိုးပြောင်းလဲလုပ်ကိုင်ရန် အစီအစဉ်ရှိ/မရှိ ရခိုင်ပြည်သူလူထုကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

**ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်အတွင်း ဂေါဒန်ကျောက် ထုတ်လုပ်နေသည့် ကုမ္ပဏီများမှ ဥပဒေနှင့် စာချုပ်ပါ စည်းကမ်းချက်များ လိုက်နာခြင်း ရှိ/မရှိ၊ အခွန်အခများ ပေးသွင်းခြင်း ရှိ/မရှိ၊ လူမှုရေးအရ တာဝန်ယူမှု ရှိ/မရှိနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးနေမှုများအား မည်သို့ တားဆီးကာကွယ် ပေးနိုင်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်နန်းမိုးမိုးထွေး က ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်အတွင်း ဂေါဒန်ကျောက် ထုတ်လုပ်နေသည့် ကုမ္ပဏီများမှ ဥပဒေနှင့် စာချုပ်ပါ စည်းကမ်းချက်များ လိုက်နာခြင်း ရှိ/မရှိ၊ အခွန်အခများ ပေးသွင်းခြင်း ရှိ/မရှိ၊ လူမှုရေးအရ တာဝန်ယူမှု ရှိ/မရှိနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးနေမှုများအား မည်သို့ တားဆီးကာကွယ်ပေးနိုင်မည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဒေါ်နန်းမိုးမိုးထွေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နန်းမိုးမိုးထွေး ပဲဖြစ်ပါတယ်ရှင်။ ဒီနေ့ ကျွန်မ ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ ကျွန်မတို့ရဲ့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်မှာ ဂေါဒန်ကျောက် စက်မှုကုန်ကြမ်းတွေ ထုတ်လုပ်နေတာနဲ့ ပတ်သက်ပြီးတော့ သိရှိလိုတာလေးတွေကို မေးမြန်းခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ရဲ့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်မှာ ၂၀၁၄ ခုနှစ်ကနေစပြီးတော့မှ ဂေါဒန်ကျောက် တူးဖော်တဲ့ကုမ္ပဏီတွေကို စတင်ပြီးတော့ ခွင့်ပြုခဲ့ပါတယ်။ ယခုအခါမှာတော့ ဂေါဒန်ကျောက် တူးဖော်နေတဲ့ကုမ္ပဏီတွေက (၆)ခုထက်မနည်း (၇)ခုလောက်ရှိနေတယ်လို့လဲ ကြားသိရပါတယ်။ အဲဒီကုမ္ပဏီတွေကို (၅)နှစ်သက်တမ်းနဲ့ ဧက(၅၀)အောက် ပုံသေမြေငှားရမ်းခအဖြစ် တစ်စတုရန်းကီလိုမီတာမှာ တစ်နှစ်ကို ကျပ်(၂၀)သိန်း၊ ခတ်သတ္တုအခွန်အဖြစ် (၃)ရာခိုင်နှုန်းနဲ့ စည်းကမ်းချက်တွေသတ်မှတ်ပြီးတော့ ခွင့်ပြုထားတာကိုလည်း သိရပါတယ်။ ဂေါဒန်ကျောက် ပြီးတော့ ဒိုလိုနိုက်ကျောက် ဆိုပြီးတော့ တူးဖော်ဖို့အတွက် ထပ်မံပြီးတော့မှ လျှောက်ထားလာတာတွေ စမ်းသပ်တူးဖော်နေတာတွေရှိတာကိုလည်း ကျွန်မတို့ကိုယ်တိုင် ကွင်းဆင်းချက်အရ သိရှိရပါတယ်။ အဲဒီစည်းကမ်းချက်တွေထဲမှာ ခွင့်ပြုမိန့်ပါတဲ့ ခတ်သတ္တုနဲ့ စပ်လျဉ်းပြီးတော့ တူးဖော်ရရှိမှု၊ ရောင်းချမှုနဲ့ လက်ကျန်ပမာဏတွေကို ဦးစီးဌာနကို သတ်မှတ်ပုံစံနဲ့ လစဉ်ပေးပို့ရမယ်ဆိုတာလည်းပါရှိပါတယ်။ အဲဒါကြောင့်မို့ ကျွန်မသိရှိလိုတာကတော့ ကုမ္ပဏီ၊ ဦးစီးဌာနအနေနဲ့ ကျွန်မတို့ ကုမ္ပဏီတွေကို သတ်မှတ်တန်ချိန် ဘယ်လောက်ခွင့်ပြုထားပါသလဲ တစ်နှစ်ကို။ အဲဒါလေးတွေလည်း သိရှိလိုပါတယ်။

နောက် သူတို့သတ်မှတ်ထားတဲ့ တန်ချိန်ထက်ကျော်လွန်ပြီးတော့ ထုတ်လုပ်နေတာတွေရှိပါသလား။ နောက်တစ်ခါ သယ်ယူတဲ့အခါမှာလည်း သတ်မှတ်တန်ချိန်ထက်ကို ပိုပြီးတော့ သယ်နေတာတွေရှိပါသလား။ စည်းကမ်းချက်တွေကို သူတို့လိုက်နာရဲ့လားဆိုတာလေးတွေကို ဌာနကနေပြီး

တော့ ဘယ်လိုကြီးကြပ်ဆောင်ရွက်နေသလဲဆိုတာလေးကို သိရှိလိုပါတယ်။ နောက်ပြီးတော့ နိုင်ငံတော် အစိုးရအနေနဲ့ ဓာတ်သတ္တုအခွန်တွေ၊ မြေငှားရမ်းခတွေအပြင် အခြားသော ရပိုင်ခွင့်တွေ အပြည့်အဝ ရရဲ့လား။ နောက်ပြီးတော့ သတ်မှတ်ကာလအတွင်းနဲ့ သတ်မှတ်ထားတဲ့ နှုန်းထားတွေကို ကုမ္ပဏီက အပြည့်အဝပေးရဲ့လားဆိုတာလေးတွေကို ကျွန်မသိရှိလိုပါတယ်။ အဲဒါအပြင် ဂေါဒန်ကျောက်တွေ တူးဖော်တဲ့အခါမှာ ဒေသခံတွေရဲ့ လယ်ယာမြေတွေက ပျက်စီးပါတယ်။ နောက် သယ်တဲ့အခါမှာလည်း ချောင်းတွေဖြတ်ပြီးတော့ သယ်တဲ့အတွက်ကြောင့် ချောင်းတွေ၊ ကျွန်မတို့ရဲ့ လှိုင်းဘွဲ့ချောင်းကြီးလည်း တိမ်ကောလာပါတယ်။ လမ်းလွှဲပြီးတော့ သယ်ရတဲ့အတွက်လည်း လယ်ယာမြေတွေ ပျက်စီးပြီးတော့မှ ဖုန်တွေတထောင်းထောင်း ကျွန်မတို့ မြို့နယ်က လူထုတွေ ရှူရှိုက်နေရပါတယ်။ အဲဒါကြောင့် ကျွန်မတို့ မြို့မှာကလည်း မြို့ရှောင်လမ်းမရှိတဲ့အတွက် လူနေရပ်ကွက်ပေါ်မှာ မြို့ကလမ်းကလည်း ကျဉ်းတာ ဖြစ်တဲ့အတွက် သယ်ဆောင်တဲ့အခါမှာ ကျွန်မတို့ အန္တရာယ်လည်း တော်တော်ကြုံတွေ့နေရပါတယ်။ ယာဉ်အန္တရာယ်တွေ။ နောက်တစ်ခါ ဂေါဒန်ကျောက်တွေ တူးဖော်နေတဲ့ အနီးအနားမှာရှိတဲ့ ကျေးရွာ လူထုတွေက လူမှုရေးအရ ခံစားခွင့်တွေ ဘာမှမရကြဘူးလို့ ဆိုကြပါတယ်။ အဲဒါကြောင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းတွေ၊ သတ္တုတွင်းပိတ်သိမ်းခြင်းလုပ်ငန်းတွေနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုစီမံဆောင်ရွက်ထားပါသလဲ။ နောက်တစ်ခုက ဒီဒေသမှာရှိတဲ့ ကျွန်မတို့ ကျေးရွာလူထုတွေ လူမှုရေးအရ ခံစားခွင့်အပြည့်အဝရရှိဖို့အတွက် ဝန်ကြီးဌာနအနေနဲ့ ဘယ်လိုစီမံဆောင်ရွက်သွားပေး နိုင်မလဲဆိုတာကို ကျွန်မ ဒေသခံပြည်သူလူထုရဲ့ကိုယ်စား မေးမြန်းအပ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကို Power Point အသုံးပြုခွင့် တောင်းခံအပ်ပါတယ်ရှင်။ ဒါကတော့ ကျွန်မတို့ မြို့နယ်မှာ ဂေါဒန်ကျောက် တူးဖော်နေတဲ့အခြေအနေတွေ ဖြစ်ပါတယ်။ ဒါကတော့ တူးပြီး တော့မှ ပုံထားတဲ့ ဂေါဒန်ကျောက်တွေ ဖြစ်ပါတယ်။ ဒီဟာကတော့ ကျွန်မတို့ ဒီကုမ္ပဏီ တူးပြီးတော့မှ ကားတွေနဲ့ သယ်တဲ့အခါမှာ လမ်းမှာလည်း ယာဉ်အန္တရာယ်တွေဖြစ်ပါတယ်။ မြို့ပေါ်မှာလည်း ယာဉ်မတော်တဆတွေ ဖြစ်တာတွေနဲ့ ခဏခဏကြုံနေရပါတယ်။ ဒါကတော့ ကျွန်မတို့ မိုးတွင်းမှာတော့ တူးဖော်လို့ မရတဲ့အတွက် ရပ်နားထားရတဲ့ အချိန်တွေဖြစ်ပါတယ်။ သူတို့ တူးဖော်တဲ့တွင်းတွေက ရေတွေပြည့်လျှံနေပြီးတော့ ဒါ ရပ်နားထားရတဲ့ အချိန်တွေဖြစ်ပါတယ်လို့ ကျေးဇူးတင်ပါတယ်ရှင်။

ဝေါဒန်ကျောက် တူးဖော်နေသည့် မြင်ကွင်းပုံ (၄၄)



ဝေါဒန်ကျောက်တူးဖော်ပြီး ကားဖြင့်သယ်ယူနေသည့် မြင်ကွင်းပုံ (၄၄-၁)



မိုးတွင်းကာလ တူးဖော်၍မရသည့် မြင်ကွင်းပုံ (၄၄-၂)



**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၁။**

**ဦးအုန်းဝင်း (ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာ ခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖြစ်ပါတယ်။

ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော် ၏ ရခိုင်ပြည်နယ် ရခိုင်ရိုးမရှိ နေပူတောင် ကျောက်ထုတ်လုပ်မှုစီမံကိန်းကို ရပ်ဆိုင်း ထားပြီး သဘာဝအခြေခံ ခရီးသွားလုပ်ငန်းစီမံကိန်းအဖြစ် အစားထိုးပြောင်းလဲလုပ်ကိုင်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနဲ့ ပေါင်းစပ်ပြီး ကျွန်တော် ဖြေကြားသွားမှာပါ။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။

ရခိုင်ပြည်နယ်၊ နေပူတောင် ကျောက်ထုတ်လုပ်မှုစီမံကိန်းကို ဗီယက်နမ်ဆိုရှယ်လစ်သမ္မတ နိုင်ငံ၊ ဝန်ကြီးချုပ် Mr. Nguyen Tan Dung ရဲ့ ၂-၄-၂၀၁၀ ရက်နေ့ ချစ်ကြည်ရေးခရီးစဉ်အတွင်း ဗီယက်နမ် - မြန်မာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် စာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ ပြီးတော့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ၁၂-၃-၂၀၁၂ ရက်စွဲပါ ခွင့်ပြုမိန့်အမှတ် (၄၇၀/၂၀၁၂)နဲ့ ယခင် သတ္တုတွင်းဝန်ကြီးဌာနရဲ့ ၁၆-၃-၂၀၁၂ ရက်စွဲပါ ဓာတ်သတ္တုအကြီးစားထုတ်လုပ်ရန် ခွင့်ပြုမိန့် အမှတ် (၀၀၁/၂၀၁၂)တို့အရ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းနဲ့ Myanmar SIMCO Song Da Joint Stock Co.,Ltd (MYSICO)တို့ဟာ ထုတ်လုပ်မှုအပေါ်မှာ ခွဲဝေခံစားတဲ့စနစ်နဲ့ ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် နေပူတောင်ဒေသမှာရှိတဲ့ မြေဧရိယာ(၂.၃၇၀၃)စတုရန်းကီလိုမီတာမှာ မာဘယ် အလှဆင်ကျောက် ထုတ်လုပ်မှုလုပ်ငန်း သဘောတူစာချုပ်ကို ချုပ်ဆိုခဲ့ပါတယ်။ စာချုပ်သက်တမ်း ကတော့ ခုနက ကိုယ်စားလှယ်တော်ကြီး ရှင်းပြတဲ့အတိုင်းပါပဲ။ ၁၆-၃-၂၀၁၂ ရက်နေ့ကနေပြီးတော့ ၁၅-၃-၂၀၃၂ ရက်နေ့အထိ နှစ်ပေါင်း(၂၀)ဖြစ်ပါတယ်။ ၁၂-၇-၂၀၁၅ ရက်နေ့ကစပြီးတော့ စီးပွားဖြစ် ထုတ်လုပ်မှုကို စတင်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလကနေပြီးတော့ ၂၀၁၈ ခုနှစ်၊ မတ်လအထိ မာဘယ်အလှဆင်ကျောက်တုံးပေါင်း (၈၆၅၆.၉၄၇)မက်ထရစ်တန် ထုတ်လုပ်ခဲ့ပါတယ်။ ထုတ်လုပ်ပြီး မာဘယ်အလှဆင် ကျောက်တုံးများအနက် (၆၃၄.၁၂၂)မက်ထရစ်တန်ကိုတော့ ပြည်ပကို တင်ပို့ရောင်းချ ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်ကို ဓာတ်သတ္တုအခွန် အမေရိကန်ဒေါ်လာ(၃၃၈၇.၂)နဲ့ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းကို ခွဲဝေမှုအချိုးကိုတော့ အမေရိကန်ဒေါ်လာ (၂၁၉၀၃.၉၅) ဒေါ်လာ ပေးသွင်းခဲ့ပါတယ်။

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်မှာ နေပူတောင်ဒေသ မာဘယ်အလှဆင်ကျောက်သား များဟာ အက်ကြောင်းများ ရှိနေပြီးတော့ မီးခိုးရောင်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ နှစ်ရောင်၊ သုံးရောင် စပ်နေပါတယ်။ ဒါကြောင့်မို့ ပြည်ပဈေးကွက်မှာ ဈေးနိမ့်ပြီး သုံးစွဲသူများမှာ အကြိုက်နည်းပါတယ်။

သတ္တုတွင်းလုပ်ငန်းမှာ လျှပ်စစ်ဓာတ်အားမရရှိပဲ လျှပ်စစ်ဓာတ်အားပေးစက်ကို အသုံးပြုနေရခြင်း၊ ပြည်ပတင်ပို့ရန် ရန်ကုန်ဆိပ်ကမ်းကို သယ်ယူပို့ဆောင်မှုအထွေထွေကုန်ကျစရိတ်ကလည်းပဲ တူးဖော်ထုတ်လုပ်မှုစရိတ်ထက်ကို မြင့်မားနေခြင်း၊ မိုးရွာသွန်းတဲ့ကာလမှာ တူးဖော်ထုတ်လုပ်မှုလုပ်ငန်းများ ရပ်နားထားရခြင်းစတဲ့ အချက်များကြောင့် နေပူတောင် မာဘယ်ကျောက်ထုတ်လုပ်မှုလုပ်ငန်းကို ၃၀-၄-၂၀၁၈ ရက်နေ့ကစပြီးတော့ အပြီးပိတ်သိမ်းခွင့်ပြုစေလိုကြောင်း ကုမ္ပဏီကနေပြီး ဝန်ကြီးဌာနကို ၃-၈-၂၀၁၈ ရက်စွဲပါစာနဲ့ ဆန္ဒပြုပြီး တင်ပြထားပါတယ်။ လုပ်ငန်းသဘောတူ စာချုပ်ရဲ့ အပိုဒ် (၂၄-၁) မှာတော့ ဤပဋိညာဉ်စာချုပ် သက်တမ်းမကုန်မီ ထုတ်လုပ်မှုလုပ်ငန်းများအား ရပ်စဲရန် နှစ်ဖက်သဘောတူဆန္ဒရှိပါက ထိုသို့ရပ်စဲလိုသည့် အကြောင်းအချက်အပြည့်အစုံနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြရမယ်လို့ ပါရှိပါတယ်ခင်ဗျား။ လုပ်ငန်းသဘောတူစာချုပ်ရဲ့ အပိုဒ်ခွဲ(၂၄-၂) မှာ ဤပဋိညာဉ်စာချုပ်ကို အောက်ဖော်ပြပါ အချက်အလက်များအနက် တစ်ခုခုဖြစ်ပေါ်လာပါက မည်သည့်ဘက်ကမဆို ရက်ပေါင်း(၉၀)ကြိုတင်သတိပေးပြီး စာချုပ်ကို ရပ်စဲနိုင်တယ်လို့ ဖော်ပြထားပါတယ်။ Power Point မှာ ကျွန်တော် တင်ပြထားပါတယ်ခင်ဗျား။ စာချုပ်ဖျက်သိမ်းပြီးပါက အဆိုပါ အလှဆင်ကျောက်ထုတ်လုပ်သည့် လုပ်ငန်းစီမံကိန်းဟာ မြေစာရင်းပုံစံ(၁၀၅)အရ တောရိုင်းမြေ အမျိုးအစားအဖြစ် ပြန်လည်တည်ရှိသွားမည်ဖြစ်ပါကြောင်းကိုလည်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေနဲ့ ပြည်နယ်အစိုးရအဖွဲ့နဲ့ ပူးပေါင်းပြီးတော့ ရခိုင်ပြည်နယ်အတွင်း ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ (၅)နှစ်စီမံကိန်းက သဘာဝအခြေခံခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်နိုင်ဖို့ အလားအလာရှိတဲ့ သံတွဲမြို့နယ်၊ ဂွမြို့နယ်၊ မာန်အောင်မြို့နယ်နဲ့ ကျိန္တလီမြို့တို့မှာရှိတဲ့ ကမ်းခြေဒေသအပါအဝင် အခြားသောခရီးစဉ် ဒေသနေရာများကို ဦးစားပေးမြှင့်တင် ဖော်ထုတ်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်အတွင်းရှိ ရခိုင်ရိုးမပေါ်မှာတည်ရှိတဲ့ အဆိုပါ နေပူတောင်နေရာကို သဘာဝအခြေခံခရီးသွားဒေသအဖြစ် ပေါ်ပေါက်ရေးအတွက် ဖော်ထုတ်မြှင့်တင် ကြော်ငြာဆောင်ရွက်သွားရန် လောလောဆယ်အားဖြင့် အစီအစဉ်မရှိသေးပါကြောင်း သိရှိရပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ ကုမ္ပဏီက ထုတ်လုပ်မှုလုပ်ငန်းများ အပြီးပိတ်သိမ်းခွင့် တင်ပြထားခြင်းအပေါ် လုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အမှတ်(၁)သတ္တုတွင်းလုပ်ငန်းနှင့် သဘောတူစာချုပ်ဖျက်သိမ်းပြီးပါက အဆိုပါဒေသသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေအမျိုးအစားတွင် ကျရောက်ခြင်းမရှိတော့ဘဲ ပြည်နယ်အစိုးရ၏ ဦးဆောင်မှုဖြင့်သာ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဒေသ သတ်မှတ်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်းနှင့် ပြည်နယ်အစိုးရအနေနဲ့ စာချုပ်ပယ်ဖျက်ပြီးတဲ့နောက်ပိုင်းမှာ အဆိုပါ နေပူတောင်ဒေသကို သဘာဝအခြေခံ ခရီးသွားစခန်းအဖြစ် တိုးမြှင့်သတ်မှတ်မည်ဆိုပါက ဒေသတွင်း ခရီးသွားလုပ်ငန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်တော်ကြီး၏ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ဖြေကြားအပ်ပါတယ်ခင်ဗျား။

ကျွန်တော် ဒုတိယမေးခွန်းကို ဆက်လက်ဖြေကြားပါမယ်။ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါ်နန်းမိုးမိုးထွေး ၏ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်အတွင်း ဂေါဒန်ကျောက် ထုတ်လုပ်

နေသည့် ကုမ္ပဏီများက ဥပဒေနှင့် စာချုပ်ပါ စည်းကမ်းချက်များ လိုက်နာခြင်း ရှိ/မရှိ၊ အခွန်အခများ ပေးသွင်းခြင်း ရှိ/မရှိ၊ လူမှုရေးအရ တာဝန်ယူမှု ရှိ/မရှိနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးနေမှုများအား မည်သို့ တားဆီးကာကွယ်နိုင်မည် သိလိုခြင်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော် ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော် Power Point တင်ပြခွင့်ပြုပါ။

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်အတွင်းမှာ ဂေါဒန်ကျောက် ထုတ်လုပ်နေတဲ့ ကုမ္ပဏီ(၇)ခု ရှိပါတယ်။ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းနဲ့ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားတဲ့စာချုပ်များနဲ့ ချုပ်ဆိုလုပ်ကိုင်လျက်ရှိပါတယ်။ အဲဒီကုမ္ပဏီများကတော့ ကျွန်တော် Power Point မှာ တင်ပြတဲ့အတိုင်းပါပဲ။ ကုမ္ပဏီ(၇)ခုရှိပါတယ်။ တည်နေရာ၊ ခွင့်ပြုမိန့်၊ ခွင့်ပြုကာလ တစ်နှစ်ထုတ်လုပ်မှုလျာထားချက်များကိုလည်း ကျွန်တော် တင်ပြထားပါတယ်။ အဲဒီထဲမှာပါတဲ့ ရှင်းသန့်ချမ်းသာကုမ္ပဏီလီမိတက်ကတော့ လုပ်ကွက်ပြန်လည်အပ်နှံရန် ဆောင်ရွက်လျက်ရှိနေတာကြောင့်မို့ လုပ်ကွက်ပြန်လည်သိမ်းဆည်းနိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့ လက်ရှိအရတော့ ကျွန်တော်တို့ ကုမ္ပဏီ(၆)ခုပဲ ထုတ်လုပ်မှုတန် လျာထားချက် စုစုပေါင်း (၆၀၅၀၀)တန်ရှိပါတယ်။ ကုမ္ပဏီများရဲ့ လျာထားထုတ်လုပ်မှုများကိုလည်းပဲ ကျွန်တော် Power Point မှာ တင်ပြထားပါတယ်။ ထုတ်လုပ်မှုနဲ့ စပ်လျဉ်းပြီး လုပ်ငန်းသဘောသဘာဝအရ ဈေးကွက်မှာ ဝယ်လိုအားကျဆင်းပြီး ဈေးနှုန်းကျသည့် ကာလနှင့် ရာသီဥတုအခြေအနေအရ မိုးရွာသွန်းများတဲ့ ကာလများမှာတော့ လုပ်ကွက်များတွင် မိုးရေဝင်ရောက်ခြင်းကြောင့် ကုမ္ပဏီဟာ လျာထားချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ခြင်းမရှိကြောင်း၊ ဈေးကွက်ဝယ်လိုအားကောင်းပြီး ရာသီဥတုအခြေအနေလည်း ကောင်းမွန်တဲ့ ကာလများတွင်သာ ဂေါဒန်ကျောက်ထုတ်လုပ်မှုများကို လျာထားချက် ပြည့်မီကျော်လွန်အောင် ထုတ်လုပ်နိုင်ကြောင်း ကျွန်တော်တို့ စိစစ်တွေ့ရှိရပါတယ်။

ကုမ္ပဏီများရဲ့ ထုတ်လုပ်မှု လက်ရှိအခြေအနေမှာ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လအထိကတော့ ကျွန်တော်တို့ စုစုပေါင်းတန်ချိန်(၁၀၄၈၃၉)တန် ထုတ်လုပ်နိုင်ပါတယ်။ Power Point မှာ တင်ပြထားပါတယ်။ ဓာတ်သတ္တုအခွန်ပေါင်းကတော့ စုစုပေါင်း ကျွန်တော်တို့ ကျပ်(၃၆,၁၈၉,၄၈၀)ကောက်ခံပြီးတော့ နိုင်ငံတော်ကို ပေးသွင်းရမယ့် (၃၀)ရာခိုင်နှုန်း အချိုးဝေမှုအချိုး ကျွန်တော်တို့ စုစုပေါင်းကျပ် (၃၆၅,၀၉၈,၃၅၆)ကို ပေးသွင်းခဲ့ပါတယ်။ ပေးသွင်းရန်ကျန်တဲ့ အခွန်အခများဖြစ်ကြတဲ့ ဓာတ်သတ္တုအခွန်ကျပ်(၁၄၅,၆၈၀)၊ ခွဲဝေမှုအချိုးကျပ် (၁,၄၂၁,၄၉၆)နှင့် ပုံသေမြေငှားခ ငွေကျပ် (၂,၁၅၉,၉၃၂) စုစုပေါင်းကျပ်(၃,၇၂၇,၁၀၈)ကိုတော့ ပေးသွင်းရန် ကြိုးကြပ်ကောက်ခံလျက်ရှိပါတယ်။ ကြွေးကျန်ဇယားများကိုလည်း ကျွန်တော် ဖော်ပြထားပါတယ်။ စာချုပ်သက်တမ်းကုန်ပြီးတော့ သက်တမ်းတိုးဆောင်ရွက်ချိန်မှာ မြေငှားရမ်းခကြွေးကျန်များ အပြီးအပြတ်ကောက်ခံသွားမည်ဖြစ်ပြီးတော့ ပူးတွဲစီမံခန့်ခွဲရေးကော်မတီ (JMC)အစည်းအဝေးများမှာလည်း ကြွေးကျန်မဖြစ်ပေါ်စေရေးကိုလည်း ကျွန်တော်ဆွေးနွေးတိုက်တွန်းသွားမှာဖြစ်ပါတယ်။

ကုမ္ပဏီများက ထုတ်လုပ်မှုတန်ချိန်များကို အမှတ်(၁)သတ္တုတွင်းလုပ်ငန်းကို လစဉ် တင်ပြလျက်ရှိပြီးတော့ ယင်းထုတ်လုပ်မှုအပေါ်မှာ မူတည်ပြီးတော့ ဓာတ်သတ္တုအခွန်ဌာနသို့ ပေးသွင်းရမယ့် ခွဲဝေမှုအချိုးများကို ဌာနက လစဉ်ကောက်ခံလျက်ရှိပါတယ်။ ပေးသွင်းရန်ကျန်တဲ့ အခွန်အခများကို ကြွေးကျန်မရှိ ပေးသွင်းစေရန် သတိပေးစာများ ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်

Power Point မှာ တင်ပြထားပါတယ်။ စည်းကမ်းများနှင့် စာချုပ်များ လိုက်နာဆောင်ရွက်မှုအပေါ်မှာ ကြီးကြပ်ဆောင်ရွက်မှု အခြေအနေနဲ့စပ်လျဉ်းပြီး စမ်းသပ်တိုင်းတာမှု ထုတ်လုပ်မှု ကူးပြောင်းခြင်း စာချုပ်သက်တမ်းတိုးခြင်းများအတွက် ကွင်းဆင်းစစ်ဆေးပြီးတဲ့အခါများတွင် ဥပဒေ၊ နည်းဥပဒေများ ဝန်ကြီးဌာနက အခါအားလျော်စွာထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များ၊ ခွင့်ပြုမိန့်ပါ စည်းကမ်းများ၊ စာချုပ်ပါ အချက်အလက်များအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို စစ်ဆေးကြပ်မတ် လမ်းညွှန်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

အဲဒီအပြင် ကရင်ပြည်နယ် သတ္တုတွင်းဦးစီးဌာနက ဦးဆောင်ပြီးတော့ ကရင်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနဲ့ ဆက်စပ်ဝန်ကြီးဌာနများက အဖွဲ့ဝင်အဖြစ် ပါဝင်တဲ့အဖွဲ့နဲ့ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိစေရေး စာချုပ်ပါ စည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်မှု ရှိ/မရှိ များကိုလည်းပဲ ကြီးကြပ်စစ်ဆေးလျက်ရှိပါတယ်။ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းမှာ ဌာနဖွဲ့စည်းပုံအရ ခွင့်ပြုဝန်ထမ်းအင်အားကတော့ (၇၇၈)ဦးဖြစ်ပေမယ့် ခန့်ထားပြီးဝန်ထမ်းက (၃၄၀)ပဲ ဖြစ်ပါတယ်။ ဝန်ထမ်းအင်အားအကန့်အသတ်ရှိခြင်းကြောင့် အသေးစားသတ္တုတူးဖော်ရေးလုပ်ကွက်များမှာ ကြီးကြပ်ရန် ဌာနကိုယ်စားလှယ်များ မထားရှိနိုင်ဘဲ အကြီးစားသတ္တုတူးဖော်ရေးလုပ်ငန်း လုပ်ကွက်များသာ ကိုယ်စားလှယ်များ ဌာနကိုယ်စားလှယ်များကို ထားရှိပြီးတော့ ကြီးကြပ်စစ်ဆေးလျက်ရှိပါတယ်။ ဂေါဒန်ကျောက် သယ်ယူပို့ဆောင်ရာမှာ သတ်မှတ်တန်ချိန်နဲ့ ပိုမိုသယ်ယူခြင်း မဖြစ်စေရန် သတ္တုများနဲ့ စက်မှုတွင်းထွက်ကုန်ကြမ်းများအား တစ်နေရာမှ အခြားတစ်နေရာသို့ သယ်ယူပို့ဆောင်ရာတွင် မျှောစာစနစ်နဲ့ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

မှန်ကန်သော သတ္တုတွင်းတူးဖော်မှု စနစ်များနဲ့အညီ ဘေးအန္တရာယ်ကင်းရှင်းရေး စီမံချက်များ ရေးဆွဲတင်ပြပြီး ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေမယ့် သတ္တုထုတ်လုပ်မှုများဖြစ်စေရန် ပူးတွဲစီမံခန့်ခွဲမှု ကော်မတီအစည်းအဝေးများမှာ ဆွေးနွေးလမ်းညွှန်ခြင်း၊ စက်မှုတွင်းထွက်ကုန်ကြမ်း လုပ်ငန်းရှင်များအဖွဲ့၏ ကြီးကြပ်မှုများ ခံယူစေခြင်းများကိုလည်းပဲ လုပ်ဆောင်လျက်ရှိပါတယ်။ ဒါ့အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ၂၀၁၂ နဲ့အညီ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံခန့်ခွဲမှုအစီအစဉ် (Environment Management Plan - EMP) အစီရင်ခံစာများအား ကုမ္ပဏီများကနေပြီးတော့ ရေးသားပြုစု အတည်ပြုချက်ရရန် ကျွန်တော် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန (Environment Conservation Department - ECD)ကို တင်ပြပြီး (ECD) ရဲ့ လမ်းညွှန်ချက်နဲ့အညီ အစီရင်ခံစာများ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများကို Environmental Compliance Certificate ရရှိတဲ့အထိ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ တင်ပြတဲ့ စာများကိုလည်းပဲ Power Point မှာ တင်ပြထားပါတယ်။

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကွီးလေးကျေးရွာ၊ မဲသမူကျေးရွာ၊ ခုဘိုင်းကျေးရွာ၊ ကြာအင်းကျေးရွာနှင့် မဲဆမိတ်ကျေးရွာများမှာ ဒေသခံများ ဆန္ဒနဲ့အညီ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဓိကအားဖြင့် ကုမ္ပဏီများ၊ သက်ဆိုင်ရာ ဒေသအသီးသီးရဲ့ ကျေးရွာများမှာ ဆရာ၊ ဆရာမ နေအိမ်(၄)ခန်းတွဲ၊ စာသင်ကျောင်း၊ မူလတန်းကြိုကျောင်း၊ စာကြည့်တိုက်များ ဆောက်လုပ်ပေးခြင်း၊ အလယ်တန်းကျောင်းနှင့် လှိုင်းဘွဲ့ပြည်သူ့ဆေးရုံများအတွက် လှူဒါန်းခြင်း၊ ကျေးရွာ ရေရရှိရေးအတွက် ရေတွင်းတူးပေးခြင်း၊ ရေပိုက်နှင့် ရေလှောင်ကန်များ ဆောက်လုပ်

လှူဒါန်းခြင်း၊ ကျေးရွာချင်းဆက် လမ်းများခင်းခြင်း စသည့်လုပ်ငန်းများတွင် စုစုပေါင်းကျပ် (၁၄၆,၃၅၀,၀၀၀)အပြင် အုတ်၊ သဲ၊ ဘိလပ်မြေများ လှူဒါန်းပေးကမ်းလျက်ရှိပါတယ်။ ဓာတ်ပုံမှတ်တမ်းများကိုလည်း ကျွန်တော် ပူးတွဲဖော်ပြထားပါတယ်။ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်း ဂေါဒန်ကျောက်ထုတ်လုပ်နေတဲ့ ကုမ္ပဏီများအား မြန်မာ့သတ္တုတွင်းနည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ (က)(ခ) နှင့်အညီ ဆောင်ရွက်ထားခြင်း ရှိ/မရှိ ကိစ္စနှင့်စပ်လျဉ်းပြီးတော့ နှစ်ဦးနှစ်ဖက်ချုပ်ဆိုထားတဲ့ စာချုပ်များမှာ ထည့်သွင်းချုပ်ဆိုထားပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေနဲ့ သတ္တုတွင်းပိတ်သိမ်းခြင်းဆောင်ရွက်မှုရန်ပုံငွေများကို ဘဏ်စာရင်းဖွင့်လှစ်ပြီးတော့ ထည့်ဝင်တည်ထောင်သွားရေး ကုမ္ပဏီများက ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ဘဏ်စာရင်းများကို ကျွန်တော် Power Point မှာ တင်ပြထားပါတယ်။

ရန်ပုံငွေ ဘဏ်စာရင်းဖွင့်လှစ်ရာမှာ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းနဲ့ သက်ဆိုင်ရာ ကုမ္ပဏီများကို Joint Account မှာ ကျွန်တော်တို့ ဖွင့်ထားပါတယ်။ ရန်ပုံငွေ ဘဏ်စာရင်းများမှာ ထည့်ဝင်မှုများကိုလည်းပဲ ကုမ္ပဏီများက နှစ်စဉ်ဖြည့်သွင်း စုဆောင်းသွားမှာဖြစ်ပါတယ်။ စုဆောင်းငွေစာရင်းခေါင်းစဉ်အလိုက် အသုံးပြုရန်ကိစ္စများ ပေါ်ပေါက်လာလို့ရှိရင်လည်းပဲ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းကို အသေးစိတ် တွက်ချက်မှုများနှင့်အတူ တင်ပြအတည်ပြုချက်ရရှိကာ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းများနှင့် Joint Account ဖွင့်ထားတဲ့ ဘဏ်စာရင်းများကနေပြီးတော့ ထုတ်ယူသုံးစွဲပါမယ်။ ဘဏ်လက်ကျန်စာရင်းများ ငွေစာရင်းမလုံလောက်ပါက ထပ်မံဖြည့်သွင်းပြီးမှ ဆောင်ရွက်ရန်ဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။　　။ လိုရင်းမေး။

**ဒေါ်နန်းမိုးမိုးထွေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။　　။ ပြည်ထောင်စုဝန်ကြီးကို ကျေးဇူးအထူးတင်ပါတယ်။ ခုန ဝန်ကြီးပြထားတဲ့ Power Point မှာ ကျွန်မတို့ လူမှုရေးလုပ်ငန်းတွေ လုပ်ထားပေးတယ်ဆိုတဲ့ဟာက ကျွန်မတို့ ဒါ မြေပြင်မှာ ကွဲလွဲနေတယ်လို့ ကျွန်မ တွေ့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ ဒေသခံတွေမှာ ပြောထားတဲ့ဟာတွေက ဒီဟာလေးတွေ တစ်ခုမှ လုပ်ထားပေးတာမရှိဘူးလို့ ပြောပါတယ်။ အဲဒါကြောင့်မို့ ဒါလေးတွေကို ကျွန်မတို့ ဝန်ကြီးဌာနအနေနဲ့ ဒါလေး သေသေချာချာပြန်ပြီးတော့ စိစစ်ပေးဖို့အတွက် တောင်းဆိုအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။　　။ ဖြေလိုက်။

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန)**။　　။ ဖြေကြားပေးပါမယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ**။　　။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မြို့နယ် နယ်စပ်ဖြစ်သော ကားရော်လောင်ကိုင်နှင့် ကားရော်ဂျဲထောက်ကြား(ဂျဲထားချောင်း) ပေ(၂၀၀)နှင့် ကားရော်လောင်ကိုင်နှင့် ထန်ခိုနောက်ကုန်းကြား(စိုးညိုချောင်း) ပေ(၁၀၀)တို့ကို သံကြိုးတံတား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမင်းနိုင် က စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မြို့နယ် နယ်စပ်ဖြစ်သော ကားရော်လောင်ကိုင်နှင့် ကားရော်ဂျဲထောက်ကြား(ဂျဲထားချောင်း) ပေ(၂၀၀)နှင့် ကားရော်လောင်ကိုင်နှင့် ထန်ခိုနောက်ကုန်းကြား(စိုးညိုချောင်း) ပေ (၁၀၀)တို့ကို သံကြိုးတံတား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဦးမင်းနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုပါတယ်။ ကျွန်တော်က စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်မြေ အမှတ် (၁၂)မှ မင်းနိုင် ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၂၀၁၈ ခုနှစ်၊ မေလပိုင်းတွင် လဟယ်မြို့နယ် နယ်စပ်ဖြစ်တဲ့ ပုညလူမျိုးနေထိုင်သော နေရပ်သို့ ရောက်ရှိသောအခါ ယခု ကျွန်တော် တောင်းဆိုမယ့် ကားရော်လောင်ကိုင်နှင့် ကားရော်ဂျဲထောက်ကြား (ဂျဲထားချောင်း)ပေ (၂၀၀)ခန့်မှန်း၊ ကားရော်လောင်ကိုင်နှင့် ထန်ခိုနောက်ကုန်းကြား (စိုးညိုချောင်း) ခန့်မှန်းပေ(၁၀၀)တို့ကို လူထုနေ ကျောင်းသူ၊ ကျောင်းသားများ အလွယ်တကူသွားလာနိုင်ရန် အသုံးပြုနေသော ချောင်းကူးတံတားဖြစ်ကြောင်းနှင့် ၂၀၁၇ ခုနှစ်တွင် ၎င်းချောင်းရေကြီးသောအခါ တံတားဖြတ်ကူးချိန်တွင် ကြိမ်ကြိုးပြတ်၍ ကျောင်းသူနှစ်ဦး ဆုံးရှုံးခဲ့ရကြောင်း ဒေသခံပြည်သူများ၏ တင်ပြချက်အရ သိရှိရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ ပြည်သူလူထုများ၊ ကျောင်းသူ၊ ကျောင်းသားများ လုံခြုံစိတ်ချစွာ သွားလာနိုင်ရန်အတွက် ကားရော်လောင်ကိုင်နှင့် ကားရော်ဂျဲထောက်ကြား(ဂျဲထားချောင်း) ပေ(၂၀၀)နှင့် ကားရော်လောင်ကိုင်နှင့် ထန်ခိုနောက်ကုန်းကြား (စိုးညိုချောင်း) ပေ(၁၀၀)ခန့်မှန်းတို့ကို နယ်စပ်ရေးရာဝန်ကြီးဌာနမှ သံကြိုးတံတားအဖြစ် ဦးစားပေး ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၈။**

**ဗိုလ်ချုပ်သန်းထွဋ် (ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ။ ကျွန်တော်က နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် ဖြစ်ပါတယ်။ ကျွန်တော် စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းနိုင် ၏ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မြို့နယ် နယ်စပ်ဖြစ်သော ကားရော်လောင်ကိုင်နှင့် ကားရော်ဂျဲထောက်ကြား (ဂျဲထားချောင်း) ပေ(၂၀၀)နှင့် ကားရော်လောင်ကိုင်နှင့် ထန်ခို နောက်ကုန်းကြား(စိုးညိုချောင်း) ပေ(၁၀၀)တို့ကို သံကြိုးတံတား တည်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ကတော့ နာဂဒေသအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ပထမ(၆)လ ခွင့်ပြုရန်ပုံငွေကျပ် (၁၂၃၃.၆၁၀)သန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီးတော့ ကျွန်တော်တို့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒုတိယ (၁၂)လ မှာလည်း ငွေကျပ် (၄၁၅၀.၉၂၈)သန်းကို အဆိုပြုလျာထားပြီးဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းချက်နဲ့ စပ်လျဉ်းပြီးတော့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအဖွဲ့ကို ကျွန်တော်တို့ ပြန်လည်စိစစ်ခိုင်းခဲ့ပါတယ်။ ဒါက စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့ရဲ့ စိစစ်ပြန်ကြားချက်အရ လဟယ်မြို့နယ်၊ အိန္ဒိယနယ်စပ်လမ်းမှာတော့ ကျွန်တော်တို့ လုံဝသိခ်နှင့် ဂမ်းညကြား ဝါးချောင်းနှင့် ဂမ်းည-ယမ်းကြုန်းကြား၊ ယမ်းကြုန်းချောင်းတို့မှာ (၆၀)ပေ ဘေလီတံတား တည်ဆောက်ပေးရန် လိုအပ်လျက်ရှိတာကို ကွင်းဆင်းစိစစ်တွေ့ရှိရပါတယ်။

ဒါကြောင့်မို့ အဆိုပါ တံတား(၂)စင်း တည်ဆောက်ပေးနိုင်ရေးအတွက်လည်း စတုတ္ထအကြိမ် အိန္ဒိယ အထောက်အပံ့ဖြင့် ဆောင်ရွက်မယ့်လုပ်ငန်းများမှာလည်း ထည့်သွင်းလျာထားပြီး ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ ကားရော်လောင်ကိုင်နှင့် ကားရော်ဂျဲထောက်ကြား (ဂျဲထားချောင်း) ပေ(၂၀၀)နှင့် ကားရော်လောင်ကိုင်နှင့် ထန်ခိုနောက်ကုန်းကြား (စိုးညိုချောင်း) ပေ(၁၀၀)တို့မှာ သံကြိုးတံတား တည်ဆောက်ပေးရန်နှင့် စပ်လျဉ်း၍ တံတားတည်ဆောက်မယ့် လမ်းကြောင်းဟာ ကျွန်တော်တို့ လက်ရှိအနေအထားမှာ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ကားလမ်းဖောက်လုပ်ထားခြင်း မရှိသေးပါဘူး။ ကားလမ်းဖောက်လုပ်ခြင်း မရှိသေးပါသဖြင့် ကားလမ်းဖောက်လုပ်ပြီးမှသာ အဆိုပါ တံတား(၂)စင်း တည်ဆောက်ရေးလုပ်ငန်းကို စဉ်းစားသင့်ပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်အတွင်းရှိ အပြည်ပြည်ဆိုင်ရာ ငါးဈေးကွက်တစ်ခု အမြန်ပေါ်ပေါက်စေရန် ပြည်ပမှ ရွှေ့ပြောင်းအလုပ်သမားများ မြန်မာနိုင်ငံသို့ အထိုက်အလျောက် ပြန်လည်ခေါ်ယူနိုင်ရန်၊ ရေလုပ်ငန်းတွင် နိုင်ငံတော်ဘတ်ဂျက်များ တိတိကျကျ မှန်မှန်ကန်ကန်ရရှိစေရေးအတွက် အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးမှ နိုင်ငံခြား ရင်းနှီးမြှုပ်နှံငွေ အမေရိကန်ဒေါ်လာ သန်း(၂၀) ထပ်တိုး ရင်းနှီးမြှုပ်နှံမှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဥပဒေနှင့်အညီ အမြန်ဆုံး ရင်းနှီးမြှုပ်နှံခွင့်ရအောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်း က တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်အတွင်းရှိ အပြည်ပြည်ဆိုင်ရာ ငါးဈေးကွက်တစ်ခု အမြန်ပေါ်ပေါက်စေရန် ပြည်ပမှ ရွှေ့ပြောင်းအလုပ်သမားများ မြန်မာနိုင်ငံသို့ အထိုက်အလျောက် ပြန်လည်ခေါ်ယူနိုင်ရန်၊ ရေလုပ်ငန်းတွင် နိုင်ငံတော်ဘတ်ဂျက်များ တိတိကျကျ မှန်မှန်ကန်ကန် ရရှိစေရေးအတွက် အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံငွေ အမေရိကန်ဒေါ်လာသန်း(၂၀) ထပ်တိုး ရင်းနှီးမြှုပ်နှံမှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဥပဒေနှင့်အညီ အမြန်ဆုံး ရင်းနှီးမြှုပ်နှံခွင့်ရအောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြိတ်ခရိုင်အတွင်းမှာရှိတဲ့ ကျွန်တော်ရဲ့ မဲဆန္ဒနယ်မြေဖြစ်တဲ့ ကျွန်းစုမြို့နယ်ဟာ ရေသယံဇာတထွက်ရှိရာ အဓိကမြို့နယ်တစ်ခု ဖြစ်ပါတယ်။ ဒ့ါအပြင် မြိတ်မြို့ဟာလည်းပဲ တနင်္သာရီတိုင်းဒေသကြီးရဲ့ စီးပွားရေးအရ အချက်အချာကျတဲ့ ကမ်းရိုးတန်းမြို့တစ်မြို့ဖြစ်ပါတယ်။

Power Point သုံးစွဲခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ မြိတ်မြို့ရဲ့ အင်းလေးမြိုင်စက်မှုဇုံမှာ လွန်ခဲ့တဲ့ (၁၇)နှစ်၊ ၂၀၀၀ ပြည့်နှစ်က အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးတစ်ခု ဖွင့်လှစ်ခဲ့ပါတယ်။ ၎င်းအပြည်ပြည်ဆိုင်ရာ ငါးလေလံဈေး(MFIJV)ဟာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ၂၉-၉-၂၀၀၀ ရက်စွဲပါနှင့် ခွင့်ပြုမိန့်အမှတ်(၃၄၈/၂၀၀၀)ဖြင့် ခွင့်ပြုခဲ့ပါတယ်။ အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေး(Myanmar Fisheries International Joint Venture - MFIJV)ဟာ ငါးဈေးကွက်ကို ၁-၁၀-၂၀၀၁ ရက်နေ့မှာ စတင်လည်ပတ်ရာကနေပြီးတော့ ၂၀၀၂ ခုနှစ်၊ မေလမှာ စတင်ဖြစ်ပွားခဲ့တဲ့ မြန်မာနှင့် ထိုင်းနယ်စပ် ပြဿနာအရေးအခင်း တစ်နှစ်နီးပါး ကြာမြင့်ခဲ့ပြီးတော့ ၂၀၀၃ ခုနှစ်၊ မတ်လမှာ လုပ်ငန်းကို ယာယီရပ်ဆိုင်းခဲ့ပါတယ်။ ယခင်အချိန်တုန်းက ငါးလေလံဈေးကြီး ပေါ်ပေါက်စဉ်က ရေလုပ်ငန်းလုပ်ကိုင်ကြတဲ့ ပင်လယ်ကျေးရွာများမှ ဒေသခံရေလုပ်သားများနှင့် အခြားဆက်စပ်သော လုပ်ငန်းများဟာ ဒီ ငါးဈေးကွက်ကို အမှီပြုပြီးတော့ စီးပွားရေးများစွာ အဆင်ပြေသော်လည်းပဲ ယနေ့

အချိန်မှာ ပြည်တွင်း၊ ပြည်ပမှ ဥပဒေမဲ့ ငါးဖမ်းဆီးနေခြင်းကြောင့် ကမ်းနီးရေလုပ်သားများဟာ တစ်နေ့ထက်တစ်နေ့ စီးပွားရေးကျပ်တည်းလာကြပါတယ်။

စားဝတ်နေရေးအတွက် ပြည်တွင်းမှာ နေထိုင်ရပ်တည်ဖို့ ခက်ခဲလာကြပြီးတော့ နီးစပ်ရာ ထိုင်းနိုင်ငံမှာ ရွှေ့ပြောင်းအလုပ်သမားများအဖြစ် သွားရောက်အလုပ်လုပ်ကိုင်နေကြရပါတယ်။ ရေသယံဇာတရှားပါးနေတဲ့အတွက်ကြောင့်မို့လို့ ဒေသခံပြည်သူများဟာ ငါးဖမ်းဆီးဦးရေနည်းနည်းနှင့် ဈေးကောင်းကောင်းရမယ့် ငါးဈေးကွက်တစ်ခုကို ယခုအစိုးရသစ်လက်ထက်မှာ အမြန်ဆုံး အကောင်အထည်ဖော်ပေးဖို့ တောင်းဆိုနေကြပါတယ်။ တချို့သော ဒေသခံပြည်သူများက ကျေးရွာမှာ လမ်းတွေ၊ တံတားတွေ၊ ကျောင်းတွေ လာလုပ်ပေးမယ့်အစား ငါးဈေးကွက် ငါးလေလံကိုသာ အမြန်ဆုံး အကောင်အထည်ဖော်ပေးပါ။ ငါးဈေးကွက်ပေါ်ပေါက်လို့ ငါးတွေဈေးကောင်းကောင်းရောင်းရလို့ ရှိရင် ခုနပြောတဲ့ လမ်းတွေ၊ တံတားတွေ၊ ကျောင်းတွေကို ကိုယ့်အားကိုယ်ကိုးပြီးတော့ လုပ်ယူမယ်လို့ တင်ပြကြပါတယ်။ ဒေသမှာ ငါးဈေးကွက်မရှိတဲ့အတွက်ကြောင့် ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ လိုင်းဖြူငါးသယ်လှေများမှာပါတဲ့ ငါးကုန်ချိန်နဲ့ ငါးအမျိုးအစားကို အပေါ်ယံအဖြစ်သာ ခန့်မှန်းစစ်ဆေးကြပါတယ်။

ရေထွက်ပစ္စည်းတင်ပို့တဲ့နေရာမှာ ပုစွန်တစ်ကီလိုကို တစ်ဒေါ်လာကျော်ကျော်လည်း ဈေးနှုန်းသတ်မှတ်ပြီးတော့ ယနေ့အချိန်အထိ ပြည်ပကို သယ်ယူနေတဲ့အတွက်ကြောင့်မို့လို့ နိုင်ငံတော်မှ ဘဏ္ဍာငွေ အခွန်အခ ဘီလီယံချီပြီးတော့ နစ်နာမှုများ ဖြစ်ပေါ်နေပါတယ်။ ငါးဈေးကွက်တစ်ခုပေါ်ပေါက်လာပါက ရရှိတဲ့အကျိုးကျေးဇူးများကတော့ ထိုင်းနိုင်ငံမှာ ရွှေ့ပြောင်းအလုပ်သမားများအဖြစ် သွားရောက်အလုပ်လုပ်ကိုင်နေကြတဲ့ အမိမြန်မာနိုင်ငံသားများကို အထိုက်အလျောက် ပြန်လည်ခေါ်ယူနိုင်မှာဖြစ်ပြီးတော့ ဒေသတွင်း ငါးနဲ့ဆက်စပ်တဲ့ SME အသေးစား၊ အလတ်စားလုပ်ငန်းလည်း တိုးတက်လာမှာ ဖြစ်ပါတယ်။ ငါးဈေးကွက်အပေါ်မှာ ငါးကုန်ချိန်နဲ့ ငါးဈေးနှုန်း အတိအကျရမှာဖြစ်တဲ့ အတွက်ကြောင့်မို့လို့ နိုင်ငံတော်မှ အခွန်ဘီလီယံချီပြီးတော့ သွင်းရမှာဖြစ်ပါတယ်။

အစိုးရအဆက်ဆက်ကနေပြီးတော့ အကောင်အထည်မဖော်နိုင်ခဲ့တဲ့ ငါးဈေးကွက်ကို ယခုအစိုးရသစ်လက်ထက်မှာ အကောင်အထည်ဖော်ခဲ့မယ်ဆိုရင် နိုင်ငံတော်မှ ပြောင်းလဲတဲ့ ထောက်ခံခဲ့တဲ့ ပြည်သူများရဲ့ ဆန္ဒကိုလည်း ဖြည့်ဆည်းပေးရာ ရောက်မှာဖြစ်ပါတယ်။ အကယ်၍သာ (MFIJV)မှ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ သန်း(၂၀)ရရှိပါကလည်း ဌာနမှပေးရန်ရှိတဲ့ အကြွေးတွေလည်း ဆပ်ပေးမယ်။ ဌာနမှ ရရန်အကြွေးကိုလည်း လျှော်ပေးမယ်။ ခုံသမာဓိရုံးမှာဆွဲတဲ့ အမှုကိုလည်း ရုပ်သိမ်းပေးမယ်ဆိုပြီးတော့ ဌာနနှင့် (MFIJV)များမှ စာချုပ် ချုပ်ဆိုထားတာကို သိရှိရပါတယ်။


အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ ငါးလုပ်ငန်းဦးစီးဌာမှ အစုရှယ်ယာ(၃၀%)ပါဝင်တဲ့ (MFIJV) ကုမ္ပဏီမှ အမေရိကန်ဒေါ်လာ သန်း(၂၀) ထည့်သွင်းရင်းနှီးမြှုပ်နှံခွင့်ရရှိရန် (၂)နှစ်ကျော်ကြာ စောင့်ဆိုင်းနေရတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ဥပဒေနှင့်အညီ အမြန်ဆုံး ရင်းနှီးမြှုပ်နှံခွင့်ရအောင် ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

မြန်မာ အပြည်ပြည်ဆိုင်ရာ အဆင့်မြင့်ငါးလေလံဈေး (MFIJV) မြိတ်မြို့ မြင်ကွင်းပုံ (စစ)




ပုစွန်တစ်ကီလိုကို(၁)ဒေါ်လာဖြင့်သာပြ၍ ပြည်ပသို့ တင်ပို့နေသည့်အတွက် နိုင်ငံတော်မှ နှစ်စဥ်အခွန်ဘီလီယံချီ၍ နစ်နာနေခြင်း ပြပုံ (စစ-၁)





LSDA LIN SANDAR AUNG COMPANY LIMITED
350/354, Room No. 1 (Ground Floor), Anawrahta Street, Lanmadaw Township, Yangon. ☎ : 228144

INVOICE

Sole by order for account and risk of
MESSER Miss. Atiya Fuengfung
No.20 80 I Kongtor, Tumbon Khaonivate
Maung, Ranong Thailand 85000
ID: 3 8599 00047 025
Shipped Per : MS. LIN THIDAR AUNG 9
From : MYEIK To RANONG

Invoice No : LSDA/ 0075 /2017-2018
Date : 2018, February, 4
LC No :
Issued by :
Term of payment :
Sale contract No : LSDA / 01 / 17-18

| Sr No. | Commodities | Size | Grade | Weight KG | Price US$ | Total Amount US$ |
|---|---|---|---|---|---|---|
| 1 | Big Eye Croaker | 100-200 gms | A | 8160 | 1.100 | 8976.00 |
| 2 | Flat Head | 200-300 gms | A | 595 | 0.563 | 334.99 |
| 3 | Sea Moila | 100 gm down | A | 765 | 0.780 | 596.70 |
| 4 | Hard Tail Scad | 400-500 gms | A | 765 | 0.552 | 422.28 |
| 5 | India Mackerl | Assorted | A | 425 | 0.800 | 340.00 |
| 6 | Leather Jacket | 100 gm down | A | 255 | 1.080 | 275.40 |
| 7 | Lizard Fish | 100-400 gms | A | 31620 | 0.750 | 23715.00 |
| 8 | Long Tongue Sole | 50-100 gms | A | 3740 | 1.558 | 5826.92 |
| 9 | Nga Kyee Kann | 100-200 gms | A | 680 | 0.800 | 544.00 |
| 10 | Round Scad (Pa Thu Kae) | 150 gm up | A | 2380 | 0.540 | 1285.20 |
| 11 | Rainbow Runner | 100-200 gms | A | 5100 | 0.760 | 3876.00 |
| 12 | Red Big Eye | 200-300 gms | A | 3145 | 0.815 | 2563.18 |
| 13 | Ribbon Fish | 100-200 gms | A | 25415 | 1.350 | 34310.25 |
| 14 | Sardin | 100-200 gms | A | 9095 | 0.520 | 4729.40 |
| 15 | Sea Eel | 2-3 kg | A | 1870 | 1.850 | 3459.50 |
| 16 | Spotted Golden Goat Fish | 300-400 gms | A | 2805 | 0.840 | 2356.20 |
| 17 | Thread Fin Bream | 100-200 gms | A | 4845 | 0.967 | 4685.12 |
| 18 | Yellow Fin Goat Fish | 100-200 gms | A | 9010 | 0.597 | 5378.97 |
| 19 | Octopus | Assorted | A | 680 | 1.600 | 1088.00 |
| | Total | | | 111350 | | 104763.10 |
| 20 | Squid | Assorted | A | 10200 | 1.700 | 17340.00 |
| 21 | Cuttle Fish | 100-200 gms | A | 4420 | 1.922 | 8495.24 |
| | Total | | | 14620 | | 25835.24 |
| 22 | Prawns (Pink) | 300-500 | A | 4940 | 1.100 | 5434.00 |
| 23 | Prawns (Pink) | 61-70 | A | 1365 | 1.900 | 2593.50 |
| 24 | Prawns (White) | Assorted | A | 455 | 5.800 | 2639.00 |
| | Total | | | 6760 | | 10666.50 |
| | Grand Total | | | 132730 | | 141264.84 |

4.2.18

200793

U WIN NAING
DIRECTOR
LIN SANDA AUNG CO., LTD.
MYEIK.

အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေး မြိတ်မြို့အား အမြန်ဆုံးအကောင်အထည်ဖော်နိုင်ပါက ထိုင်းနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားအချို့ မြန်မာနိုင်ငံသို့ အမြန်ဆုံးခေါ်နိုင်မည်ဖြစ်ကြောင်း ပြပုံ (စစ-၂)



**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၅။**

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး အမှတ်(၇)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဟိန်း ရဲ့ မေးခွန်းအပေါ် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ကျွန်တော် ဦးလှကျော် မှ ပေါင်းစပ်ဖြေကြားပေးမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ ဒေသအတွင်း ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ဒေသနေပြည်သူတွေရဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေ ပေါ်ထွက်လာပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် မြန်မာ့ရေလုပ်ငန်းကဏ္ဍကနေ နိုင်ငံတော်ရဲ့ စီးပွားရေးအတွက် အထောက်အကူပေးနိုင်ဖို့ မေးမြန်းတဲ့ ယခု မေးခွန်းနှင့်စပ်လျဉ်းပြီး ဝန်ကြီးဌာနအနေနဲ့ အထူးကျေးဇူးတင်ရှိပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ ယခုမေးခွန်းနှင့် စပ်လျဉ်းပြီး တနင်္သာရီတိုင်းဒေသကြီး အမှတ်(၁၂)မဲဆန္ဒနယ်မှ ဦးခင်မျိုးဝင်း ရဲ့ အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာလည်းပဲ ငါးလုပ်ငန်းရေရှည် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းခဲ့မှုမှာ ငါးလေလံဈေးကိစ္စရပ်ကလည်းပဲ အစိတ်အပိုင်းတစ်ခုအနေနဲ့ ပါဝင်ခဲ့ပါတယ်။ ထို့အပြင် ယင်းကိစ္စရပ်နှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီတို့ကလည်းပဲ ဒေသကို ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလို အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ခဲ့မှုဟာ ၂၀၀၀ ပြည့်နှစ်ကတည်းက အခြေတည်ဆောင်ရွက်ခဲ့မှုဖြစ်ပါတယ်။ ယခုကာလအထိ ဖြစ်စဉ်တစ်လျှောက် လက်ရှိအနေအထားရောက်ရှိလာခဲ့မှု အခြေအနေကို ဦးစွာ အနှစ်ချုပ်တင်ပြအပ်ပါတယ်။ အချိန်အနည်းငယ်ပိုပေးရန် တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ ကမ်းရိုးတန်းဒေသတွေနဲ့ ရေလုပ်ငန်းဖွံ့ဖြိုးမှုရှိတဲ့ ဒေသတစ်ခုဖြစ်တဲ့ တနင်္သာရီတိုင်းဒေသကြီးမှာ ငါးလေလံဈေးကြီးတစ်ခု ပေါ်ပေါက်လာစေဖို့ ယခင်မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို တင်ပြခဲ့မှုနဲ့အညီ ကော်မရှင်က ၂၉-၉-၂၀၀၀ ပြည့်နှစ်ရက်စွဲပါ ခွင့်ပြုမိန့်အမှတ် (၃၄၈/၂၀၀၀)နဲ့ ခွင့်ပြုချက်ရရှိခဲ့ပါတယ်။ ခွင့်ပြုချက်အရ ငါးလုပ်ငန်းဦးစီးဌာနက (၃၀)ရာခိုင်နှုန်း၊ ပြင်သစ်နိုင်ငံ Setraco International Ltd က (၆၀) ရာခိုင်နှုန်း၊ မြန်မာနိုင်ငံသားပိုင် O.E.M (Myanmar) Co; Ltd က (၁၀)ရာခိုင်နှုန်းနှင့် ရင်းနှီးမြှုပ်နှံမှု

တစ်ရပ် ပူးပေါင်းတည်ထောင်မှုနှင့် (MFIJV) Co; Ltd အား အများနှင့်မဆိုင်တဲ့ ဖက်စပ်ကုမ္ပဏီအဖြစ် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

အပြည်ပြည်ဆိုင်ရာ အဆင့်မီ ငါးလေလံတင်ဈေးရောင်းချခြင်း ဈေးကွက်လုပ်ငန်းကို မြိတ်မြို့နယ်၊ အိုးလုပ်ပြင်ကွင်း၊ အင်းလေးကန်စက်မှုဇုံ၊ မြိတ်တောင်ရွာ၊ မြိတ်မြို့မှာ တည်ထောင်ထားဆဲဖြစ်ပါတယ်။ ဖက်စပ်ကုမ္ပဏီရဲ့ စာချုပ်သက်တမ်းကတော့ ၂၃-၁၀-၂၀၀၀ ရက်နေ့မှ ၂၂-၁၀-၂၀၂၅ ရက်နေ့အထိ (၂၅)နှစ် ဖြစ်ပါတယ်။ ၂၀၀၂ ခုနှစ်မှာ နှစ်နိုင်ငံနယ်စပ်ပြဿနာ ပေါ်ပေါက်လာတာနဲ့အညီ ရေထွက်လုပ်ငန်းဆိုင်ရာ ကုန်စည်စီးဆင်းမှုတွေ ရပ်တန့်ခဲ့ပြီးတော့ ၂၀၀၄ ခုနှစ်မှာမှ ပြန်လည်အကောင်အထည်ဖော် ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒီလို ဆောင်ရွက်ခဲ့တဲ့အခါမှာ ဖက်စပ်ကုမ္ပဏီဖြစ်တဲ့ (MFIJV) Ltd ဒါရိုက်တာအဖွဲ့ဝင်များရဲ့ ညှိနှိုင်းဆောင်ရွက်မှုအပိုင်း အားနည်းချက်များရှိခဲ့တဲ့အတွက် ခွင့်ပြုမိန့်ပါလုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အားနည်းခဲ့ခြင်း၊ ပြည်တွင်း၊ ပြည်ပချေးငွေရယူခဲ့ပြီး ပြန်လည်ပေးဆပ်နိုင်မှု အနေအထားမှာ အခြေအနေပေါ်မှာကြည့်ပြီး အရှုံးဆက်တိုက် ပေါ်ပေါက်ခဲ့ခြင်း စတဲ့အခြေအနေတွေဖြစ်ပေါ်ခဲ့ကြောင်း သိရှိရပါတယ်။

သို့ဖြစ်တဲ့အတွက် ပါတီ(A)ဖြစ်တဲ့ ငါးလုပ်ငန်းဦးစီးဌာနကနေ တရားလိုလုပ်ပြီး ဖက်စပ်ကုမ္ပဏီဖျက်သိမ်းဖို့ တရားရုံးကိုဦးတိုက်လျှောက်ထားခဲ့မှုရှိကြောင်း သိရပါတယ်။ ၂၁-၁၂-၂၀၁၀ ရက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်ရုံး၊ ရုံးတော်မှာ ၂၀၁၁ ခုနှစ်၊ တရားမ အထွေထွေအမှုအမှတ်(၇၂)ဖြင့် တရားရင်ဆိုင်ခဲ့ကြပါတယ်။ ၁၆-၅-၂၀၁၇ ရက်နေ့မှာ အနောက်ပိုင်းခရိုင်တရားရုံးက ကုမ္ပဏီကို လက်ရှိအခြေအနေမှာ စာရင်းရှင်းလင်းဖျက်သိမ်းရန်မရှိတဲ့အတွက် အမှုအားပိတ်သိမ်းတဲ့ အမိန့်ချခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီနောက်မှာ ပါတီ(B) Setraco International Ltd ကနေ ဖက်စပ်လုပ်ငန်း စတင်တည်ထောင်ခဲ့စဉ်က ညှိနှိုင်းသဘောတူ ဆောင်ရွက်ထားတဲ့ ပါတီ(A) ငါးလုပ်ငန်းဦးစီးဌာနရဲ့ (၃၀)ရာခိုင်နှုန်းနဲ့ညီမျှတဲ့ ချေးငွေ အမေရိကန်ဒေါ်လာ (၃.၉၂)သန်းနှင့် မြေကြီးတန်ဖိုးကို ကာလပေါက်ဈေးအတိုင်း အပြေအကြေပေးဆပ်တဲ့ ရက်နေ့အထိ အတိုးနှင့်တကွရလိုကြောင်းနှင့် ပါတီ(C)ထံမှလည်း ရလိုကြောင်း ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်မှာ တရားမကြီး အမှုအမှတ်(၆၆/၂၀၁၂)ဖြင့် တရားစွဲဆိုခဲ့ပါတယ်။ ငါးလုပ်ငန်း ဦးစီးဌာနက Arbitration နည်းလမ်းဖြင့်သာ ဖြေရှင်းဖို့ လျှောက်ထားခဲ့ရာမှာ ရုံးတော်က Arbitration ပြုလုပ်ပြီးသည်အထိ အမှုကို ဆိုင်းငံ့ထားဖို့အတွက် ၂၀-၁၁-၂၀၁၂ ရက်နေ့မှာ အမိန့်ချမှတ်ခဲ့ပါတယ်။

လက်ရှိအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားမကြီး အမှုအမှတ် (၆၆/၂၀၁၂) အရ လွှဲအပ်ပေးတဲ့ ခုံသမာဓိအမှုဖြင့် တရားရင်ဆိုင်လျက်ရှိကြပါတယ်။ ပါတီတစ်ခုစီမှ ခုံသမာဓိတစ်ဦးစီနှင့် စစ်ဆေးခဲ့ရာမှာ ၁၀-၃-၂၀၁၄ ရက်နေ့မှ ၁၇-၈-၂၀၁၈ ရက်နေ့အထိ ကာလအားဖြင့် (၄)နှစ်၊ (၅)လ ရှိခဲ့ပြီးတော့ ရုံးချိန်းပေါင်း (၈၄)ကြိမ်ရှိကြောင်း သိရှိရပါတယ်။ ၂၅-၅-၂၀၁၈ ရက်နေ့ ရုံးချိန်းမှာတော့ ခုံသမာဓိအဖွဲ့မှ အမှုသည်များရဲ့ အပြီးသတ်လျှောက်လဲချက်တင်ပြရန်ဖြစ်သော်လည်းပဲ Setraco International Ltd ကနေ ၎င်းတို့ ကုမ္ပဏီနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ၂၆-၄-၂၀၁၈ ရက်နေ့မှာ ဆွေးနွေးညှိနှိုင်းမှုအရ အမေရိကန်ဒေါ်လာသန်း(၂၀)တင်သွင်းခွင့်နှင့်စပ်လျဉ်းပြီး စီးပွားရေးကော်မတီရဲ့ ခွင့်ပြုချက်ကိုစောင့်ဆိုင်းနေတဲ့ ကာလဖြစ်တဲ့အတွက် တစ်ဖက်လျှောက်လဲချက် ကြားနာခြင်းကို ခေတ္တရွှေ့ဆိုင်းပေးဖို့ လျှောက်ထားခဲ့ပါတယ်။ ခုံသမာဓိအဖွဲ့က

အမှုသည်တွေရဲ့ အပြီးသတ်လျှောက်လဲချက်ကို ကြားနာဖို့ ၂၉-၆-၂၀၁၈ ရက်နေ့ကို ရုံးချိန်း သတ်မှတ်ပေးခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Setraco International Ltd နဲ့ ငါးလုပ်ငန်းဦးစီးဌာနတို့အနေနဲ့ ၂၆-၄-၂၀၁၈ ရက်နေ့မှာ ဆွေးနွေးညှိနှိုင်းချက်များကို တင်ပြပါမယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးကော်မတီရဲ့ ခွင့်ပြုချက်ရရှိရေးဆောင်ရွက်ရန် စီးပွားရေးကော်မတီရဲ့ ခွင့်ပြုချက်ရရှိပါက ဖက်စပ်ကုမ္ပဏီမှ တင်ရှိနေတဲ့ ပြည်တွင်းနဲ့ပြည်ပ Setraco International Ltd မှ ချေးငွေများအားလုံးကိုပေးဆပ်ရန် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၊ တရားမကြီး အမှုအမှတ် (၆၆/၂၀၁၂)ဖြင့် တရားစွဲဆိုထားတဲ့ အမှုကို ရုပ်သိမ်းပေးဖို့နဲ့ ယင်းအမှုနဲ့ တစ်ဆက်တည်းဖြစ်တဲ့ အနုညာတ ခုံရုံးကို ရုပ်သိမ်းပေးရန်၊ ပါတီ(A)တွေမှ ပေးအပ်ရမယ့် အတိုး၊ အရင်းအပါအဝင် အမေရိကန်ဒေါ်လာ(၃.၉၂)သန်းကို ပါတီ(B)မှ လျှော်ပေးရန်၊ စီမံကိန်းပိုင်မြေဧရိယာ (၁၀၃.၅၇)ဧကကို ဖက်စပ်ကုမ္ပဏီ အမည်ပေါက်ရရှိရေး ပူးပေါင်းဆောင်ရွက်သွားရန်၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ရဲ့ ခွင့်ပြုချက်ဖြင့် ချေးငွေရယူလျှင် မူလဖက်စပ်စာချုပ်ပါ ရှယ်ယာလွှဲပြောင်းခြင်း စာပိုဒ်အပါအဝင် ထပ်မံဖြည့်စွက်လိုတဲ့အချက်များ ဆောင်ရွက်ပြီးပါက ဖက်စပ်ကုမ္ပဏီရဲ့ ရည်ရွယ်ချက်အတိုင်း ပြောင်းလဲဖြစ်ပေါ်လာမယ့် အစုရှယ်ယာအချိုးအစားအရ ရှယ်ယာလွှဲပြောင်းခြင်းများအား တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှဲပြောင်းဆောင်ရွက်ရှင်းလင်းပေးရန် စတဲ့အချက်တွေကို ညှိနှိုင်းထားရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီးဌာနအနေနဲ့ ငါးလေလံဈေးအကောင်အထည်ဖော်နိုင်ဖို့အတွက် စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် ၂၀၁၆ ခုနှစ်၊ ဖွန်လနှင့် နိုဝင်ဘာလတို့မှာ ဖက်စပ်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် နှစ်ကြိမ်တိုင် တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ ဒါ့အပြင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့သို့ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလမှာ သွားရောက်ခဲ့ပြီး ဖက်စပ်ကုမ္ပဏီရဲ့ ငါးလေလံဈေးနေရာကို သွားရောက်ကြည့်ရှုခဲ့ပါတယ်။ လုပ်ငန်း အကောင်အထည်ဖော်နိုင်ဖို့အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဥပဒေအကြံပေးရေးဦးစီးဌာနနှင့် ဝန်ကြီးဌာန၊ ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဥပဒေအကြံပြုချက်များ တောင်းခံခြင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ချေးငွေစာချုပ် ချုပ်ဆိုနိုင်ဖို့အတွက် သဘောထား အကြံပြုချက်များ တောင်းခံခြင်းနှင့် သက်ဆိုင်ရာ ကုမ္ပဏီနှင့် ဦးစီးဌာနတို့ အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးပြီး မူလစာချုပ်ရဲ့ နောက်ဆက်တွဲ စာချုပ်ချုပ်ဆိုဖို့နဲ့ ဖက်စပ်ကုမ္ပဏီရဲ့ ချေးငွေစာချုပ် ချုပ်ဆိုနိုင်ဖို့အတွက် အဆင့်ဆင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ပါတယ်။

အဲဒီလို ဆောင်ရွက်ပြီးတဲ့နောက် ပြည်ထောင်စုအစိုးရအဖွဲ့၊ စီးပွားရေးကော်မတီကို တင်ပြခဲ့ပါတယ်။ ၃-၈-၂၀၁၇ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ စီးပွားရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၁၂/၂၀၁၇)မှ လိုအပ်ချက်များရှိနေသေးတဲ့အတွက် ဆိုင်းငံ့ရန် မှတ်ချက်ပြုခဲ့ပါတယ်။ ဒါကြောင့် လိုအပ်ချက်တွေအပေါ်မှာ ထပ်မံဖြည့်စွက်ပြီးတဲ့နောက် ဥပဒေအကြံပေးရေး ဦးစီးဌာနနှင့် ဝန်ကြီးဌာန၊ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ၂၂-၉-၂၀၁၇ ရက်နေ့နှင့် ၂၇-၁၂-၂၀၁၇ ရက်နေ့တို့မှာ တွေ့ဆုံခြင်း ၁၉-၃-၂၀၁၈ ရက်နေ့မှာ ဥပဒေအကြံပြုချက်အရ ဖြည့်စွက်ပြီး စီးပွားရေးကော်မတီကို ဒုတိယအကြိမ်မြောက်တင်ပြခဲ့ပါတယ်။ ၂၀-၆-၂၀၁၈ ရက်နေ့ စီးပွားရေးကော်မတီက (၁၀/၂၀၁၈)အစည်းအဝေး

ကနေပြီးတော့ ၂၉-၆-၂၀၁၈ ရက်နေ့ ခုံသမာဓိဆောင်ရွက်မှုပြီးပါက သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ကုမ္ပဏီတို့ ညှိနှိုင်းပြီးပြတ်ဆောင်ရွက်ရန်ဖြစ်သည်ဟု ဆုံးဖြတ်ချက် ပြုခဲ့ပါတယ်။ ၂၉-၆-၂၀၁၈ ရက်နေ့ ခုံသမာဓိရုံးချိန်းမှာတော့ Setraco International Ltd ပါတီ(B) ကနေ စီးပွားရေးကော်မတီရဲ့ ဆုံးဖြတ်ချက်အရ လုပ်ဆောင်ရမယ့်လုပ်ငန်းများ လုပ်ဆောင်မှုပြီးပြတ်သည် အထိ အပြီးသတ်လျှောက်လဲချက် ကြားနာခြင်းနှင့် ပတ်သက်ပြီး ရုံးချိန်းခွင့်ပြုရန် လျှောက်ထားခဲ့တဲ့ အတွက် ခုံသမာဓိအဖွဲ့ကနေပြီး ၃-၈-၂၀၁၈ ရက်နေ့မှာ အမှုရုပ်သိမ်းလွှာတင်ပြဖို့နဲ့ ရုပ်သိမ်းလွှာ မတင်ပြပါက အပြီးသတ် လျှောက်လဲချက်တင်ပြဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

၃-၈-၂၀၁၈ ရက်နေ့ ခုံသမာဓိရုံးချိန်းမှာ ပါတီ(B) Setraco International Ltd မှ အမှု ရုပ်သိမ်းလွှာ တင်ပြခြင်းမရှိဘဲ အမှုနဲ့သက်ဆိုင်တဲ့ သက်သေခံအထောက်အထား တင်ပြခဲ့ပြီးတဲ့နောက် သက်သေခံစစ်ဆေးဖို့ ၁၇-၈-၂၀၁၈ ရက်နေ့ကို ရုံးချိန်း ပြန်လည်သတ်မှတ်ခဲ့မှုအရ ထိုနေ့ ခုံသမာဓိ ရုံးချိန်းမှာ သက်သေစာရွက်စာတမ်းတွေကို လက်ခံခဲ့ပြီးတော့ Setraco International Ltd ရဲ့ အခွင့်ရ ကိုယ်စားလှယ်ရဲ့ ထွက်ဆိုချက်ကို ရယူခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၃-၉-၂၀၁၈ ရက်နေ့ရုံးချိန်းမှာ ခုံသမာဓိလူကြီး(၃)ဦးစလုံးဟာ အသက်အရွယ်ကြီးရင့်ပြီး ကျန်းမာရေးမကောင်းဟု ဆိုသည့်အချက်ဖြင့် ခုံသမာဓိလူကြီးအဖြစ်မှနေ ဆက်လက် ဆောင်ရွက်လိုသော ဆန္ဒမရှိကြတဲ့အတွက် နှုတ်ထွက်ခဲ့ကြောင်း သိရပါတယ်။ ခုံသမာဓိလူကြီးမင်းအသစ် ခန့်ထားနိုင်ဖို့ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားမကြီးအမှုအမှတ် (၆၆/၂၀၁၂)ရဲ့ ၂၈-၉-၂၀၁၈ ရက်နေ့ ရုံးချိန်းမှာတော့ အစုစပ်ပါတီသုံးခုမှ ခုံသမာဓိလူကြီးအသစ်များ ခန့်ထားဆောင်ရွက်မှုအခြေအနေကို တရားလွှတ်တော်ကို တင်ပြရမှာ ဖြစ်ကြောင်း သိရပါတယ်။ ပါတီ(A) ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ခုံသမာဓိအသစ် ခန့်ထားနိုင်ရေး အတွက် အဆိုပြုတင်ပြဖို့ စီမံဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖက်စပ်ကုမ္ပဏီအနေနဲ့ အမေရိကန်ဒေါ်လာ သန်း(၂၀)ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်ဟာ ပြည်ပမှ ချေးငွေအဖြစ်ရယူပြီး ပြည်တွင်းရှိ မြန်မာ့စီးပွားရေးဘဏ်အပါအဝင် ပြည်တွင်းချေးငွေတွေကို ဦးစွာ ပေးဆပ်ပြီးတဲ့နောက် ကျန်ရှိငွေနဲ့ လက်ရှိငါးလေလံဈေးကွက် လိုအပ်ချက်တွေကို ပြန်လည်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း စိစစ်ရရှိပါတယ်။ ယခုချေးယူမယ့် အမေရိကန်ဒေါ်လာ သန်း(၂၀)ဟာ ပါတီ(A) ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ပါဝင်မှုအချိုး(၃၀) ရာခိုင်နှုန်း ဆက်လက်ပါဝင်နေမှာဖြစ်တဲ့အတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်စိစစ်ရန် အကြံပြုချက်အရလည်းကောင်း၊ မူလစာချုပ်ရဲ့ ရှယ်ယာလွှဲပြောင်းခြင်းအခန်းမှာ ပါတီ(A)မှ ရှယ်ယာ လွှဲပြောင်းပေးပါရန် ဖော်ပြထားမှုမရှိခြင်းနှင့် ဖက်စပ်ကုမ္ပဏီရဲ့ လုပ်ငန်းဆောင်ရွက်ခဲ့တဲ့ကာလအတွင်း အရှုံးဖြစ်ပေါ်ခဲ့ခြင်းများကိုလည်း ချိန်ဆစိစစ်ရန် လိုအပ်လာတဲ့အခြေအနေဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံတော်ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း ပွင့်လင်းလာစေဖို့ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒေသခံပြည်သူတွေရဲ့တောင်းဆိုမှု အခွင့်အလမ်းများ အတွက်လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ တိုင်းဒေသကြီး အတွင်း ငါးလေလံဈေး Fish Auction Market ပေါ်ထွန်းလာစေဖို့ အလွန်လည်း ဆန္ဒရှိပါတယ်။ သို့ဖြစ်တဲ့အတွက် စီးပွားရေးကော်မတီရဲ့ ဆုံးဖြတ်ထားချက်နှင့်အညီ ခုံသမာဓိရဲ့အဆုံးအဖြတ်ကို ရယူ ပြီးတဲ့နောက် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်စီမံ ဆောင်ရွက်သွားနိုင်ရန်အလို့ငှာ

စီးပွားရေးကော်မတီကို ထပ်မံတင်ပြဆောင်ရွက်သွားမှာဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လိုရင်း၊ လိုရင်းမေးလိုက်။

**ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ အခုလိုဖြေကြားပေးတဲ့ ပြည်ထောင်စုဝန်ကြီးကိုလည်း အထူးကျေးဇူးတင်ပါတယ်ခင်ဗျား။ ဝန်ကြီးခင်ဗျား။ အခု ဝန်ကြီး ဖြေကြားတဲ့အထဲမှာ အစည်းအဝေးလည်း အကြိမ်ကြိမ်လုပ်ပြီးပြီ အကြိမ်ကြိမ်လည်း ညှိနှိုင်းပြီးပြီလို့ လည်း ပါပါတယ်။ ဒါအတွက်ကြောင့် တကယ်လို့သာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ သန်း(၂၀)အား ရရှိမယ်ဆိုလို့ ရှိရင် ဌာနမှရရန်ရှိတဲ့ အကြွေးတွေလည်း ဆပ်ပေးမယ်။ ဌာနမှ ရရန်ရှိတဲ့ အကြွေးတွေလည်း လျှော်ပေးမယ်။ ခုံသမာဓိရုံးမှာရှိတဲ့ အမှုကိုလည်း ရုပ်သိမ်းပေးမယ်ဆိုပြီးတော့ ကျွန်တော်တင်ပြခဲ့ပြီးလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဓိက ကတော့ ရင်းနှီးမြှုပ်နှံမှု အမေရိကန် ဒေါ်လာ သန်း(၂၀)ရဖို့က အဓိကဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ဒီရင်းနှီးမြှုပ်နှံမှုရရှိအောင် နောက်ထပ် အချိန် မည်မျှကြာကြာ၊ ဒီ ကြာမယ်ဆိုတဲ့ဟာကိုသာ သိရှိလိုပါတယ်။ ဌာနကြီးရဲ့ ဆောင်ရွက်ထားမှုကို သိရှိလိုပါတယ်။

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်းနှင့်စပ်လျဉ်းပြီး ပြန်လည်ရှင်းလင်း ဖြေကြားပါ့မယ်။ မိမိဖြေကြားမှုအထဲမှာလည်းပဲ အဓိက ကတော့ နိုင်ငံတော် ပြည်ထောင်စုအစိုးရ အဖွဲ့ရဲ့ စီးပွားရေးကော်မတီရဲ့ ဆုံးဖြတ်ချက်နဲ့အညီ ကျွန်တော်တို့ ဆောင်ရွက်သွားနိုင်ဖို့ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်သွားနိုင်ဖို့အတွက် လမ်းညွှန်ထားတာနဲ့အညီ ခုံသမာဓိရဲ့ ကိစ္စရပ်တွေ ပြီးပြတ်ဖို့ အရေးကြီးပါတယ်။ မိမိတို့အနေနဲ့ ခုံသမာဓိနဲ့ပတ်သက်ပြီး ခန့်ထားဖို့အတွက် အဆိုပြုတင်ပြထားပြီး ဖြစ်ကြောင်းလည်း ဖြေကြားပြီးဖြစ်ပါတယ်။ ယင်းနှင့်စပ်လျဉ်းပြီး ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားမကြီး အမှုအမှတ် (၆၆/၂၀၁၂)ကနေပြီးတော့ ၂၈-၉-၂၀၁၈ ရက်နေ့ ရုံးချိန်းမှာ ဒါရှိပြီးသားဖြစ်ပါတယ်။ အဲဒီရုံးချိန်းမှာ နှစ်ဖက်ခုံသမာဓိများ စုံညီတက်ရောက်ပြီးတော့ အဆုံးအဖြတ် ရယူပြီးတာနဲ့ တစ်ပြိုင်နက် ခုံသမာဓိရဲ့အဆုံးအဖြတ် ထွက်လာမှာဖြစ်ပါတယ်။ ခုံသမာဓိရဲ့ အဆုံးအဖြတ် အပေါ်မှာ မိမိတို့ဝန်ကြီးဌာနအနေနဲ့ စီးပွားရေးကော်မတီကို ပြန်လည်တင်ပြသွားဖို့ ရှိပါတယ်။ ဒါကြောင့်မို့လို့ အချိန်ကာလအားဖြင့်တော့ ခုံသမာဓိရဲ့အဆုံးအဖြတ် အမြန်ဆုံး ရရှိမှုအပေါ် တည်မှီနေတဲ့ အတွက်ကြောင့်မို့လို့ အတိအကျဖြေကြားပေးနိုင်ခြင်း မရှိတာကိုတော့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး နားလည်ပေးနိုင်ဖို့အတွက် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၃၉ မှာ လွှတ်တော်အစည်းအဝေးရဲ့ ပထမတစ်နာရီကို မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း ဆောင်ရွက်ဖို့ဆိုပြီး သတ်မှတ်ထားပါတယ်။ အခု မေးခွန်း မေးမြန်း၊ ဖြေကြားခြင်းက တစ်နာရီပြည့်သွားပါပြီ။ ဒါပေမဲ့ မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း တစ်ခုလောက်ရှိနေတဲ့အတွက် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း အသိပေးတင်ပြပါတယ်။

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမည့် မေးခွန်းများဟာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်အတွင်း ရွှေပြည်ရွာဟောင်း၊ သာစည်ကျေးရွာအုပ်စု၊ မျောက်တောင်ကျေးရွာအုပ်စု၊ မာလာကျေးရွာအုပ်စုတို့ကို မဟာဓာတ်အားလိုင်း၏ (11 KVA) ဓာတ်အားလိုင်းမှ တစ်ဆင့် (400)ဗို့အားလိုင်းများ သွယ်တန်းပြီး (၂၄)နာရီ လျှပ်စစ်မီးရရှိရေးအတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် က ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်အတွင်း ရွှေပြည်ရွာဟောင်း၊ သာစည်ကျေးရွာအုပ်စု၊ မျောက်တောင်ကျေးရွာအုပ်စု၊ မာလာကျေးရွာအုပ်စုတို့ကို မဟာဓာတ်အားလိုင်း၏ (11 KVA) ဓာတ်အားလိုင်းမှတစ်ဆင့် (400)ဗို့အားလိုင်းများ သွယ်တန်းပြီး (၂၄)နာရီ လျှပ်စစ်မီးရရှိရေးအတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို သာလီစွပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ အမျိုးသားလွှတ်တော်မှာ လျှစ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနဲ့ပတ်သက်တဲ့ မေးခွန်းတစ်ခုကို ကြယ်ပွင့်ပြ မေးခွန်းအနေနဲ့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ် ကျောက်တော်မြို့နယ်တွင် ကျေးရွာပေါင်း(၂၈၃)ရွာရှိပါတယ်။ လူဦးရေအားဖြင့် (၂၁၆၉၇၀)ဦး နေထိုင်တဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ ကျောက်တော်မြို့နယ်တွင် ၂၀၁၄ ခုနှစ်မှစတင်ပြီး မဟာဓာတ်အားလိုင်းမှ (66/11 KVA) ဓာတ်အားခွဲရုံတည်ဆောက်ပြီး ၂၄ နာရီ လျှစ်စစ်မီးရရှိပြီး ဖြစ်ပါတယ်။ လက်ရှိအချိန်ထိ ကျေးရွာပေါင်း(၂၂)ရွာကို လျှစ်စစ်မီးသွယ်တန်းပြီးဖြစ်ကြောင်း သိရပါတယ်။ ကျေးရွာပေါင်းများစွာ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးရန် လိုအပ်နေဦးမှာဖြစ်ပါတယ်။ ကျောက်တော်မြို့နယ်အတွင်း ရွှေပြည်ရွာဟောင်း၊ သာစည်ကျေးရွာ၊ မျောက်တောင်ကျေးရွာ၊ မာလာကျေးရွာများဟာ တစ်ဆက်တစ်စပ်တည်းရှိကြတဲ့ ကျေးရွာများဖြစ်ကြပါတယ်။ ၎င်းကျေးရွာများကို လျှပ်စစ်မီးသွယ်တန်းမည်ဆိုပါကလည်း လက်ရှိအချိန်တွင် အနီးဆုံးမှာရောက်ရှိနေတဲ့ ရွှေပြည်သစ်ကျေးရွာကို လျှပ်စစ်မီးရောက်ရှိပြီးဖြစ်ပါတယ်။ ရွှေပြည်သစ်ကျေးရွာမှတစ်ဆင့် ရွှေပြည်ရွာဟောင်းကျေးရွာကို တစ်ဆက်တည်း သွယ်တန်းရမှာဖြစ်ပါတယ်။ ရွှေပြည်ရွာဟောင်းကျေးရွာမှာ အိမ်ခြေ(၄၆၇)ဆောင်နှင့် လူဦးရေ(၂၁၉၃)ဦး

နေထိုင်တဲ့ ကျေးရွာဖြစ်ပါတယ်။ ရွှေပြည်ရွာဟောင်းကျေးရွာမှ သာစည်ကျေးရွာကို (၁)မိုင်ခန့် ဝေးကွာပြီး သာစည်ကျေးရွာမှာလည်း အိမ်ခြေ(၄၀၂)ဆောင်၊ လူဦးရေ(၁၉၈၁)ဦး ရှိပါတယ်။ သာစည် ကျေးရွာမှ မျောက်တောင်ကျေးရွာဟာ (၂)မိုင်ခန့်ကွာဝေးပြီး မျောက်တောင်ကျေးရွာတွင် အိမ်ခြေ (၄၇၆)အိမ်နဲ့ လူဦးရေအားဖြင့်(၂၂၂၆)ဦး နေထိုင်ကြပါတယ်။ မျောက်တောင်ကျေးရွာမှ မာလာကျေးရွာ အထိ (၁)မိုင်ခန့်ကွာဝေးပြီး မာလာကျေးရွာတွင် အိမ်ခြေ(၄၅၈)အိမ်နဲ့ လူဦးရေအားဖြင့် (၂၂၃၆)ဦး နေထိုင်တဲ့ကျေးရွာ ဖြစ်ပါတယ်။ အဆိုပါကျေးရွာများမှာ ကျေးရွာတွင်း ဆက်သွယ်ထားတဲ့ ကျေးရွာချင်း ဆက်လမ်းလည်း တစ်ဆက်တစ်စပ်တည်းရှိနေတဲ့ ကျေးရွာများဖြစ်ကြပါတယ်။ အဆိုပါ ကျေးရွာများ လျှပ်စစ်မီးသွယ်တန်းနိုင်ရန်အတွက် လျှပ်စစ်မီးရောက်ရှိသည့်နေရာမှ (၅)မိုင်အတွင်းတွင်ရှိကြတဲ့ ကျေးရွာများလည်းဖြစ်ပါတယ်။ ဒီဒေသမှကျေးရွာများ လျှပ်စစ်မီးရရှိမှသာ စီးပွားရေး၊ ပညာရေး၊ လူမှုရေးကအစ အဆင်ပြေလာနိုင်မှာဖြစ်ပြီး နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ (NEP) စီမံကိန်းကိုလည်း အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေး ရှေးရှုပြီး ကျေးရွာနေပြည်သူများ၏ တောင်းဆိုမှုအရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်။

ကျောက်တော်မြို့နယ်အတွင်း ရွှေပြည်ရွာဟောင်း၊ သာစည်ကျေးရွာအုပ်စု၊ မျောက်တောင် ကျေးရွာအုပ်စု၊ မာလာကျေးရွာအုပ်စုများအား မဟာဓာတ်အားလိုင်း (11 KVA) ဓာတ်အားလိုင်းမှ တစ်ဆင့် (400) ဗို့အားလိုင်းများ သွယ်တန်းပြီး (၂၄)နာရီ လျှပ်စစ်မီးရရှိရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ပင်းတယမြို့နယ်အတွင်းရှိ ထင်းရှူးကုန်း၊ ကံလှကုန်း၊ တပ်ကြီး၊ တောင်ရွှေပုထိုး၊ အင်လုံ၊ နောင်တခေါ၊ တံတားကြီးကျေးရွာများနှင့် သိမ်ကုန်း ကျေးရွာအုပ်စု၊ ညောင်ကောက်ကျေးရွာအုပ်စု၊ ညောင်ဝန်းကျေးရွာအုပ်စု၊ အင်းငယ်ကျေးရွာအုပ်စု တို့အား လျှပ်စစ်မီးရရှိနိုင်ရေးနှင့် မည်သည့်အချိန်တွင်ရရှိမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁:၀၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်မမလေးက ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်အတွင်းရှိ ထင်းရှူးကုန်း၊ ကံလှကုန်း၊ တပ်ကြီး၊ တောင်ရွှေပုထိုး၊ အင်လုံ၊ နောင်တခေါ၊ တံတားကြီးကျေးရွာများနှင့် သိမ်ကုန်းကျေးရွာအုပ်စု၊ ညောင်ကောက်ကျေးရွာအုပ်စု၊ ညောင်ဝန်းကျေးရွာအုပ်စု၊ အင်းငယ်ကျေးရွာအုပ်စုတို့အား လျှပ်စစ်မီးရရှိနိုင်ရေးနှင့် မည်သည့်အချိန်တွင်ရရှိမည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၀၃။**

**ဒေါ်မမလေး၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်ရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ အမျိုးသား

လွှတ်တော်ကိုယ်စားလှယ် ဒေါ်မမလေး ဖြစ်ပါတယ်ရှင်။ ကျွန်မ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ရှမ်းပြည်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယ မြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာပြည်သူတွေဟာ မီးလိုချင်တဲ့ဆန္ဒတွေနဲ့ ကိုယ့်ရဲ့ချွေးနဲစာတွေကို စုဆောင်းပြီး ကိုယ်ထူကိုယ်ထ မီးလင်းကြသလို၊ နိုင်ငံတော်ပံ့ပိုးမှုနဲ့၊ ပြည်သူတွေပံ့ပိုးမှုနဲ့ ဝိုင်းဝန်း ပြီးတော့မှ မီးလင်းကြတာတွေ ကျွန်မတို့မြို့နယ်မှာ ကွက်ကြိုကွက်ကျား တော်တော်လေးတော့ မီးလင်း နေပါပြီ။ ဒါပေမဲ့ ကျွန်မတို့ ပင်းတယမြို့ရဲ့ အနောက်မြောက်ဘက်မှာရှိတဲ့ (၂၁)ရွာတိုင် တစ်ဆက် တစ်စပ်တည်းရှိတဲ့ ကျေးရွာတွေမှာတော့ လျှပ်စစ်မီး မမြင်ရသေးပါဘူးရှင်။ အဲဒီကျေးရွာတွေကလည်း တခြားကျေးရွာတွေလို လျှပ်စစ်မီး လိုချင်ကြပါတယ်။ ဒါပေမဲ့ ပင်းတယမြို့ကနေ (66 KV) ဓာတ်အားခွဲ စက်ရုံကနေ လျှပ်စစ်ဓာတ်အား မနိုင်တော့တဲ့အတွက်လို့ ကျွန်မ သိရှိရတဲ့အတွက် ကျွန်မ စတုတ္ထအကြိမ် အစည်းအဝေးမှာ ကြယ်ပွင့်ပြမေးခွန်းအနေနဲ့ သိမ်ကုန်းကျေးရွာမှာ (33 KV) ဓာတ်အားခွဲစက်ရုံတစ်ခု တည်ဆောက်ပေးရန်လို့ မေးမြန်းခဲ့ပါတယ်။ အဲဒီမေးခွန်းကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး ဖြေကြားခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကနေ စတင်အကောင်အထည်ဖော်မယ့် ဂျာမနီ ချေးငွေကနေ လုပ်ဆောင်ပေးမယ်လို့ ဖြေကြားခဲ့ပါတယ်ရှင်။ ဒါပေမဲ့ ယနေ့အထိတော့ ဘာသတင်းမှ မကြားရသေးပါဘူးရှင်။ ဒါကြောင့်မို့လို့ ကျွန်မတို့ ကျေးရွာတွေကို ရောက်ရှိတဲ့အချိန်မှာ မီးလိုချင်တဲ့ ဆန္ဒတွေနဲ့၊ မီးငတ်မှုတွေနဲ့ ကျေးရွာနေပြည်သူတွေရဲ့ မေးမြန်းချက်ကို ကျွန်မတို့ ပြန်လည် ဖြေကြားချင် တဲ့အတွက် ထင်းရှူးကုန်းကျေးရွာ၊ ကံလှကုန်းကျေးရွာ၊ ကြံခင်းမြောက်ကျေးရွာ၊ တပ်ကြီး၊ တောင်ရွှေ ပုထိုး၊ နောင်တခေါ၊ အင်လုံ၊ တံတားကြီးနှင့် သိမ်ကုန်းကျေးရွာအုပ်စု၊ ညောင်ကောက်ကျေးရွာအုပ်စု၊ ညောင်ဝန်းကျေးရွာအုပ်စု၊ အင်းငယ်ကျေးရွာအုပ်စု စတဲ့ကျေးရွာပေါင်း(၂၁)ရွာတွေမှာ လျှပ်စစ်မီးကို မည်သည့်အချိန်မှာ ဘယ်လိုဆောင်ရွက်ထားပါသလဲ။ ဘယ်လိုအချိန်မှာ ရရှိနိုင်ပါသလဲလို့ ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၀၆။**

**ဒေါက်တာထွန်းနိုင် (ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ရခိုင်ပြည်နယ်အစိုးရရဲ့ အဖြေကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် က ပေါင်းစပ်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျောက်တော်မြို့နယ် သာစည်ကျေးရွာ ဓာတ်အားရရှိရေးအတွက် (11 KV) ဓာတ်အားလိုင်း (၁)မိုင်၊ (400) ဗို့ ဓာတ်အားလိုင်း (၃)မိုင်၊ (11/0.4 KV) (200 KVA) ထရန်စဖော်မာ (၃)လုံး၊ မျောက်တောင်ကျေးရွာ ဓာတ်အားရရှိရေးအတွက် (11 KV) ဓာတ်အားလိုင်း (၁)မိုင်၊ (400) ဗို့ ဓာတ်အားလိုင်း (၄)မိုင်နဲ့ (11/0.4 KV) (200 KVA) ထရန်စဖော်မာ(၄)လုံး တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းများအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရရန်ပုံငွေမှာ လျာထားဆောင်ရွက်မှာ ဖြစ်ပါတယ်။ ရွှေပြည်ရွာဟောင်းကျေးရွာ ဓာတ်အားရရှိရေးအတွက် လိုအပ်တဲ့ (11 KV) ဓာတ်အားလိုင်းနဲ့ (11/0.4 KV) ထရန်စဖော်မာများအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ၏ ဖြည့်စွက်ရန်ပုံငွေမှာ လျာထားဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့အဖြေကို ပေါင်းစပ်ဖြေကြားအပ်ပါတယ်။

မာလာကျေးရွာအုပ်စုမှာရှိတဲ့ ကျေးရွာတွေ လျှပ်စစ်ဓာတ်အားရရှိရန်အတွက် ကျောက်တော်မှ တင်းမသို့ (66 KV) ဓာတ်အားလိုင်း (၁၁)မိုင်တည်ဆောက်ခြင်းနဲ့ တင်းမကျေးရွာမှာ (66/11 KV) (5 MVA) ဓာတ်အားခွဲရုံအသစ် (၁)ရုံတည်ဆောက်ရမှာ ဖြစ်ပါတယ်။ အဆိုပါ (66 KV) ဓာတ်အားလိုင်းနဲ့ (66 KV) ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှာ ထည့်သွင်းလျာထားတောင်းခံ ဆောင်ရွက်သွားဖို့ စီစဉ်ထားရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ တင်းမကျေးရွာမှာ (66/ 11KV) (5 MVA) ဓာတ်အားခွဲရုံ တည်ဆောက်ပြီး သွားချိန်၌ အဆိုပါဓာတ်အားခွဲရုံမှတစ်ဆင့် မာလာကျေးရွာအုပ်စုထံသို့ (11 KV) ဓာတ်အားလိုင်းနဲ့ (11/0.4 KV)ထရန်စဖော်မာများ ထပ်မံတည်ဆောက်ရန် လိုအပ်မှာဖြစ်ပါတယ်။ အဆိုပါ (11 KV) ဓာတ်အားလိုင်းများနဲ့ (11/0.4 KV) ထရန်စဖော်မာများ တည်ဆောက်ရေးလုပ်ငန်းများအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ရန်ပုံငွေဖြင့် ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး ဒုတိယမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မမလေး မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအား ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်အတွင်းမှာရှိတဲ့ ထင်းရှူးကုန်းကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် လက်ရှိ လျှပ်စစ်ရရှိပြီးဖြစ်သော တောင်ပေါ်ကြီးကျေးရွာမှတစ်ဆင့် (11 KV) ဓာတ်အားလိုင်း (၁.၆)မိုင်နှင့် (11/0.4 KV) ထရန်စဖော်မာ(၁)လုံးတို့ကို အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း၏ ပထမအဆင့်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားရန် စီစဉ်ထားရှိပြီး ဖြစ်ပါတယ်။ လက်ရှိ ပထမအဆင့်မှာ ဆောင်ရွက်ရန်ရှိသော ကျေးရွာများအတွက် လိုအပ်တဲ့ ဓာတ်အားလိုင်းပစ္စည်းများ၊ ဓာတ်အားခွဲရုံပစ္စည်းများကို တင်ဒါခေါ်ဆို ဝယ်ယူလျက်ရှိပြီးတော့ လက်ရှိအချိန်မှာ ထရန်စဖော်မာများ၊ ကွန်ကရစ်ကျောက်တိုင်များ၊ Steel Pole တိုင်များ၊ ACSR ဓာတ်ကြိုးများ၊ ကြွေသီးများ၊ ဆက်စပ်ပစ္စည်းများ၊ သံလက်တန်းများ၊ ထရန်စဖော်မာရဲ့ ဆက်စပ်ပစ္စည်းများကို စာချုပ် ချုပ်ဆိုထားရှိပြီး ဖြစ်ပါတယ်။ ပထမအဆင့်အတွက် တည်ဆောက်ရေးလုပ်ငန်းများကို တည်ဆောက်ရေးကုမ္ပဏီများထံ တင်ဒါခေါ်ဆိုထားရှိပြီးတော့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလမှာ စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဟု ခန့်မှန်းထားတာ ဖြစ်ပါတယ်။

ဆက်လက်ပြီး ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်းတယမြို့နယ်အတွင်းမှာရှိတဲ့ ရွှေပုထိုးကျေးရွာအုပ်စုမှာရှိတဲ့ တပ်ကြီးကျေးရွာ၊ တောင်ရွှေပုထိုးကျေးရွာ၊ အင်လုံကျေးရွာ၊ နောင်တခေါကျေးရွာ၊ တောင်ရှည်ကျေးရွာအုပ်စုမှာရှိတဲ့ တံတားကြီးကျေးရွာ၊ ညောင်ကောက်ကျေးရွာအုပ်စုမှာရှိတဲ့ ညောင်ကောက်ကျေးရွာ၊ သရက်ကုန်း၊ ဖနံကျေးရွာ၊ ပန်းအိုးကွဲကျေးရွာ၊ ညောင်ဝန်းကျေးရွာအုပ်စုမှာရှိတဲ့ ညောင်ဝန်းကျေးရွာ၊ ပိန္နဲကုန်းကျေးရွာ၊ သိမ်ကုန်းကျေးရွာအုပ်စုမှာရှိတဲ့ ကုန်းစောင်းကျေးရွာစတဲ့ ကျေးရွာ(၁၂)ရွာအတွက်ကို ဂျာမနီနိုင်ငံ (KFW) ချေးငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မယ့် (33/11 KV) (10 MVA) သိမ်ကုန်းဓာတ်အားခွဲရုံ တည်ဆောက်ပြီးတဲ့အချိန်မှာ အဆိုပါခွဲရုံမှတစ်ဆင့် (11 KV) ဓာတ်အားလိုင်းနဲ့ (11/0.4 KV) ထရန်စဖော်မာများ တည်ဆောက်ခြင်းလုပ်ငန်းများကို (NEP)ရဲ့ ဒုတိယအဆင့်မှာ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်ထားရှိတာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်းတယမြို့နယ်၊ သိမ်ကုန်းကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ သိမ်ကုန်းကျေးရွာ၊ ပင်စိမ်းပင်ကျေးရွာ၊ အုံအက်ကျေးရွာ၊ စုစုပေါင်းကျေးရွာ(၃)ရွာ လျှပ်စစ်ရရှိနိုင်ရန်အတွက်လည်း ဂျာမနီနိုင်ငံ (KFW) ချေးငွေနဲ့ အကောင်အထည်ဖော် ဆောင်ရွက်မယ့် (33/11 KV) သိမ်ကုန်းဓာတ်အားခွဲရုံ တည်ဆောက်ပြီးပါက ထိုခွဲရုံမှတစ်ဆင့် (11 KV) ဓာတ်အားလိုင်းနဲ့ (11/0.4 KV) ထရန်စဖော်မာများ တည်ဆောက်ခြင်းလုပ်ငန်းကို ဂျာမနီနိုင်ငံ (KFW) ချေးငွေဖြင့်ပင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် စီစဉ်ထားရှိတာ ဖြစ်ပါတယ်။ KFW စီမံကိန်းပါ လုပ်ငန်းများဆောင်ရွက်ရန်အတွက် နိုင်ငံတကာချေးငွေ လုပ်ထုံးလုပ်နည်းများနှင့်အညီ အတိုင်ပင်ခံ အင်ဂျင်နီယာအဖွဲ့ ငှားရမ်းခြင်းလုပ်ငန်းများကို လက်ရှိအချိန်မှာ စီစဉ်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ အတိုင်ပင်ခံငှားရမ်းပြီးတဲ့အချိန်မှာ ပစ္စည်းများဝယ်ယူရေးအတွက် တင်ဒါများခေါ်ယူခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပြီးတော့ တင်ဒါရွေးချယ်ပြီးတဲ့အချိန်မှာ စာချုပ်များ ချုပ်ဆိုပြီး ပစ္စည်းများ ရရှိလာတဲ့အခါကျရင် တည်ဆောက်ရေးလုပ်ငန်းများကို မူလအစီအစဉ်အတိုင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဇွန်လခန့်မှာ စတင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီး ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်အတွင်းမှာရှိတဲ့ အင်းငယ်ကျေးရွာအုပ်စု၊ အင်းငယ်ကျေးရွာ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် လိုအပ်တဲ့ (11 KV) ဓာတ်အားလိုင်း (၆.၉)မိုင် တည်ဆောက်ခြင်းနဲ့ (11/0.4 KV) (100 KVA) ထရန်စဖော်မာ(၄)လုံး၊ (200 KVA) ထရန်စဖော်မာ(၁)လုံး တည်ဆောက်ခြင်းလုပ်ငန်းများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ဘတ်ဂျက်ထည့်သွင်း လျာထားပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ကျန်ရှိနေမယ့် ပန်းစစ်ကျေးရွာအုပ်စုမှာရှိတဲ့ ကံလှကုန်းကျေးရွာ၊ အင်းငယ်ကျေးရွာအုပ်စုမှာရှိတဲ့ ရွှေပုထိုး(မြောက်)ကျေးရွာ၊ ပြင်သာကျေးရွာ၊ ညောင်ပင်ဝိုင်းကျေးရွာနဲ့ ညောင်ဝန်းကျေးရွာအုပ်စုမှာရှိတဲ့ ခံတောင်ကျေးရွာ၊ စုစုပေါင်းကျေးရွာ(၅)ရွာ လျှပ်စစ်ဓာတ်အားရရှိရန် လိုအပ်မယ့် (11 KV) ဓာတ်အားလိုင်းနဲ့ (11/0.4 KV) ထရန်စဖော်မာများ တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ဘတ်ဂျက်လျာထား ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ**။　　။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် (၃၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။　　။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။　　။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၁၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၄၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး**။　　။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။　　။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ**။　　။အစီအစဉ် (၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ၁-၁၁-၂၀၁၇ ရက်နေ့တွင် ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) (ဥက္ကဋ္ဌ၊ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ)က အဆိုတင်သွင်းပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ ၁-၆-၂၀၁၈ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၅၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြလက်မှတ် ရေးထိုးပြီး ၂၁-၉-၂၀၁၈ ရက် (သောကြာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က တရားလွှတ်တော် ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၁း၅၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(ခ)အရ တရားလွှတ်တော် ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီက ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၂။**

**ဦးအောင်သိန်း (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးအောင်သိန်း ဖြစ်ပါတယ်။ ကျွန်တော် အခုဖတ်ကြားမယ့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ တရားလွှတ်တော် ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားသွားမှာဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/ အမ(ကော်မတီ-၁) ၁/၂၀၁၈ - ၅၄၀

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်

၁။ ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က တရားလွှတ်တော်ရှေ့နေများ ကောင်စီ အက်ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ၂၃-၈-၂၀၁၈ ရက်နေ့မှာ တင်သွင်းခဲ့ပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၊ တရားလွှတ်တော်ရှေ့နေများကောင်စီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် ၂၈-၈-၂၀၁၈ ရက်နေ့နှင့် ၅-၉-၂၀၁၈ ရက်နေ့တို့မှာ ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။

### လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တရားလွှတ်တော်ရှေ့နေများ ကောင်စီ အက်ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို လေ့လာဆန်းစစ်တဲ့အခါမှာ ဥပဒေဘာသာပြန်ကော်မရှင်က မြန်မာဘာသာပြန်ဆိုထားတဲ့ ဥပဒေများနှင့် ပတ်သက်ပြီး အမိန့်တစ်ရပ်ကို ၂၇-၆-၂၀၁၈ ရက်နေ့ တွင် အမိန့်အမှတ်(၁/၂၀၁၈) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါတယ်။ အဲဒီအမိန့်မှာ ဥပဒေဘာသာပြန် ကော်မရှင် ဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ(က)အရ ဥပဒေဘာသာပြန်ကော်မရှင်က အတည်ပြုတဲ့ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားတဲ့ The Bar Council Act ၏ မြန်မာဘာသာပြန်ဆိုချက်ကို ပုဒ်မ ၁၂ အရ ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ဥပဒေဘာသာပြန်ကော်မရှင် ပုဒ်မ ၁၂ မှာ မြန်မာဘာသာပြန်ဆိုထားတဲ့ ဥပဒေများဟာ မူလစာမူနှင့် အလားတူ အာဏာတည်ရမည်ဟု ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် တရားလွှတ်တော် ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို မြန်မာဘာသာဖြင့် ပြန်လည်ပြင်ဆင်သင့်ကြောင်း လေ့လာသုံးသပ် တွေ့ရှိရပါသည်။

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိစေရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရှေ့နေများကောင်စီဟု အမည်ပြောင်းလဲ ပြင်ဆင်သင့်ကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ် စတဲ့ စကားရပ်များကိုလည်း ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီညွတ်မှုရှိစေရန် ပြင်ဆင်သင့်ကြောင်းနှင့် ကောင်စီရဲ့ ဖွဲ့စည်းပုံ၊ ကောင်စီဒုတိယ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာကိစ္စရပ်များ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရှေ့နေများ လိုက်ပါဆောင်ရွက်ခွင့်ရှိတဲ့ တရားရုံးအဆင့်ဆင့် သတ်မှတ်ချက်များ၊ လိုက်နာရမယ့် စည်းကမ်းချက်များ၊ ထုတ်ပြန်သတ်မှတ်ခြင်းကိစ္စရပ်များ၊ ကောင်စီ၏ ရုံးစိုက်ရာဒေသ၊ ရုံးအဖွဲ့နှင့် ရုံးလုပ်ငန်းဆိုင်ရာ ကုန်ကျစရိတ်များ၊ ကောင်စီအဖွဲ့ဝင်များရဲ့ စရိတ်သတ်မှတ်ချက်များကိုလည်း ခေတ်နှင့် လျော်ညီမှုရှိစေရန် ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

၄။ အမျိုးသားလွှတ်တော်၏ ဥပဒေကြမ်းကော်မတီမှ ဆောင်ရွက်ခဲ့တဲ့ ပြင်ဆင်ဖြည့်စွက်ချက် အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ်ဇယားမှာ တင်ပြအပ်ပါသည်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၅။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၏ ဥပဒေကြမ်းကော်မတီသည် တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၊ တရားလွှတ်တော်ရှေ့နေများကောင်စီ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် ဆွေးနွေးညှိနှိုင်း ပြင်ဆင်ဖြည့်စွက်ခဲ့ပြီးဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံစာ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၏ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တရားလွှတ်တော် ရှေ့နေများ ကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၅၆။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားလွှတ်တော် ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများကို အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၂၁ - ၉ - ၂၀၁၈ (သောကြာနေ့)ထက်နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၁း၅၇။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၇)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ တစ်ဦးလျှင် (၆)မိနစ်ထက်မပိုဘဲ ဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၇။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို သာလီစွပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ အမျိုးသားလွှတ်တော်မှာ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီမှ တင်သွင်းတဲ့ အစီရင်ခံစာအပေါ်မှာ အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဟာ ကျွန်တော်တို့ လွှတ်တော်ကြီးနဲ့ လွှတ်တော် ကိုယ်စားလှယ်များရဲ့ အရေးအကြီးဆုံး ကော်မတီတစ်ခုဖြစ်ပါတယ်။ ဒီကော်မတီရဲ့ လုပ်ဆောင်ချက်တွေ၊ ကော်မတီရဲ့ ကြိုးစားအားထုတ်မှုတွေဟာ ကျွန်တော်တို့လွှတ်တော်ကြီးရဲ့ စွမ်းဆောင်နိုင်မှုရလဒ် စွမ်းအားတွေပဲ ဖြစ်ပါတယ်။ လွှတ်တော်ရဲ့ ဆောင်ရွက်ချက်တွေဟာ ပြည်သူတွေရဲ့ လိုအပ်ချက်ကို အကောင်အထည်ဖော်ပေးဖို့ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဒီကော်မတီရဲ့ အစီရင်ခံစာအပေါ်တွင် ဆွေးနွေးမှုဟာ ခုအကြိမ်နဲ့ဆိုရင် (၄)ကြိမ်တိတိ ကျွန်တော် ဆွေးနွေးအကြံပြုပြီးပါပြီ။ ဒီကော်မတီရဲ့ စွမ်းဆောင်မှုကိုတော့ အသိအမှတ်ပြုပါတယ်။ ကျွန်တော်တို့ လွှတ်တော်သက်တမ်း (၃)နှစ်အတွင်းကို ရောက်ရှိနေပါပြီ။ လွှတ်တော်အကြိမ်လည်း နဝမပုံမှန်အစည်းအဝေးကို ရောက်ရှိနေပြီး အစီရင်ခံစာ အရ အဋ္ဌမပုံမှန်အစည်းအဝေးအထိ အဆို(၁၃)ခု၊ ကြယ်ပွင့်ပြမေးခွန်း(၈၆၉)စောင်နဲ့ ကြယ်ပွင့်မပြ မေးခွန်း (၈၆၃)စောင်အထိ မေးမြန်းခဲ့ကြပြီး ဖြစ်ပါတယ်။ ကတိဖြစ်ပေါ်မှု အဆို(၄)ခု၊ ကြယ်ပွင့်ပြ မေးခွန်း(၅၁၃)ခု၊ ကြယ်ပွင့်မပြမေးခွန်း(၅၀၃)ခု ရှိနေပါတယ်။

အဲဒီအထဲမှာ ကျွန်တော် ဆွေးနွေးလိုတာက ကတိဖြစ်ပေါ်မှုတွေဟာ ကျွန်တော်တို့ လွှတ်တော်တွင် အစိုးရမှ ပြည်ထောင်စုဝန်ကြီးဌာနတွေမှ ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို လုပ်ဆောင် ပေးမယ်လို့ ကတိခံခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီအထဲမှာ ဝန်ကြီးဌာနများနှင့် ကော်မရှင်များ (၂၆)ခု၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်(၁၄)ခု ပါဝင်ပါတယ်။ ကတိဖြစ်ပေါ်မှု(၁၀၁၆)ခုတွင် လုပ်ဆောင်ပြီးတဲ့ ကတိကတော့ (၁၄၃)ခုပဲ ရှိနေပါတယ်။ (၁၄)ရာခိုင်နှုန်းလောက်ပဲ အကောင်အထည်ဖော်နိုင်မှု ရှိနေ ပါတယ်။ အစိုးရမှ  အကောင်အထည်ဖော်မှု အားနည်းနေတယ်လို့ ကျွန်တော် ဆွေးနွေးလိုပါတယ်။ ဒီအတိုင်းဆိုရင် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွင်းမှာ ကတိများကို ဆောင်ရွက်ပြီးစီးနိုင်ရန် ခက်ခဲနိုင်ပါတယ်။ လွှတ်တော်အတွင်း ပေးခဲ့တဲ့ကတိတွေကို အစိုးရမှအကောင်အထည်ဖော်မှုပြီးစီးအောင် ဆောင်ရွက်ပေးစေရေး ဒီကော်မတီ ဒီထက်မက ကြိုးစားပေးစေလိုပါတယ်။

ကော်မတီရဲ့ အစီရင်ခံစာအရ ပထမပုံမှန်အထိ ဆောင်ရွက်ဆဲကတိပေါင်း(၇၃၉)ခုအထိ ရှိနေတယ်လို့ ပါရှိပါတယ်။ အဲဒီအထဲမှာလည်း လုံးဝ မလုပ်ဆောင်ရသေးတဲ့ကတိတွေ ရှိနေဦးမှာပါ။ ကျွန်တော့်အနေနဲ့လည်း ပထမပုံမှန် မှ နဝမပုံမှန်အထိ မေးခွန်းပေါင်း(၅၈)စောင်အထိ မေးမြန်းပြီးပြီ ဖြစ်ပါတယ်။ ဒီအထဲတွင် ကတိဖြစ်ပေါ်မှု (၃၀)ရှိနေပါတယ်။ ကတိဖြစ်ပေါ်မှုအပေါ်တွင် ဆောင်ရွက် ပြီးစီးမှုက (၉)ခုပဲရှိနေပြီး ဆောင်ရွက်ဆဲ(၁၁)ခု၊ လုံးဝ မလုပ်ဆောင်ရသေးတဲ့ကတိ (၁၀)ခုရှိနေပါ

တယ်။ ဆောင်ရွက်ဆဲနဲ့ မဆောင်ရွက်နိုင်တဲ့ကတိတွေကို အမြန်ဆုံး ဆောင်ရွက်ပေးစေရေး၊ ဘတ်ဂျက် ရေးဆွဲရေးတို့တွင် ထည့်သွင်း လျာထားပေးနိုင်ရေးတို့သည် ဒီကော်မတီရဲ့ အဓိက အရေးတကြီး လုပ်ဆောင်ပေးရမယ့်တာဝန်တွေ ဖြစ်ပါတယ်။ အဲဒါမှသာ ကတိတွေကို ကျွန်တော်တို့အနေနဲ့ ပယ်ဖျက် ပေးနိုင်မှာ ဖြစ်ပါတယ်။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ အနေနဲ့ အာမခံချက်များအပေါ်တွင် အစိုးရမှ ဆောင်ရွက်နေမှုများနှင့် ပတ်သက်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်း (၈)ကြိမ်အထိ ကွင်းဆင်းစစ်ဆေးပြီးဟု ပါရှိပါတယ်။

ကွင်းဆင်း စစ်ဆေးမှုများအပေါ်တွင် စစ်ဆေးမှုနှင့် သုံးသပ်ချက်များ ကောင်းမွန်ပါတယ်။ အစိုးရအပေါ် ထောက်ပြနိုင်မှု သတ်မှတ်စံချိန်စံညွှန်း ပြည့်မီစေရေးတို့အတွက် ပြောဆိုမှုတွေကို အားရကျေနပ်မှုရှိပါတယ်။ ဒီလို စစ်ဆေးခဲ့မှုနဲ့သုံးသပ်ချက်များ၊ အကြံပြုချက်များကို အစိုးရမှ လုပ်ဆောင်နိုင်ရေးလည်း အရေးကြီးပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ လွှတ်တော်မှ အစိုးရအပေါ် ထိန်းကျောင်းမှုတစ်ခု ဖြစ်ပါတယ်။ ဒီလို ထိန်းကျောင်းပေးနိုင်မှ ပြည်သူ့ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှု မရှိမှာ ဖြစ်ပါတယ်။ ဒီကော်မတီအနေဖြင့် ကျွန်တော်တို့ ရခိုင်ပြည်နယ်ကိုလည်း ကွင်းဆင်း စစ်ဆေး ပေးစေလိုပါတယ်။ ရခိုင်ပြည်နယ်မှ အမျိုးသားလွှတ်တော်အတွင်း ကြယ်ပွင့်ပြမေးခွန်း(၁၄၄)စောင်၊ ကြယ်ပွင့်မပြမေးခွန်း(၁၃၅)စောင် စုစုပေါင်း (၂၇၉)စောင်အထိ မေးမြန်းခဲ့ပြီး အဆို(၅)ခု တင်ခဲ့ပြီး ဖြစ်ပါတယ်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းတွင် မေးခွန်း မေးမြန်းနိုင်မှု အများဆုံးပြည်နယ် တစ်ခုလည်းဖြစ်ပါတယ်။ ကတိများလည်း များစွာရှိနေခဲ့ပြီး အစိုးရမှ ဆောင်ရွက်ဆဲလုပ်ငန်းများလည်း များစွာရှိနေပါတယ်။ အစိုးရမှ လုပ်ဆောင်နေမှုများ စံချိန်စံညွှန်း ပြည့်မီစေရေး ဝိုင်းဝန်းကြပ်မတ် ပေးစေလိုပါတယ်။

နိဂုံးချုပ်အနေဖြင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ အစီရင်ခံစာပါ စိစစ်တွေ့ရှိချက်များ၊ အကြံပြုချက်များ၊ သုံးသပ်အကြံပြုချက်များ အပေါ်မှာ အစိုးရမှ လိုက်ပါလုပ်ဆောင်မှုဟာလည်း အလွန်အရေးကြီးတယ်လို့ ထင်ပါတယ်။ လုပ်ဆောင် လာအောင်လည်း ဒီကော်မတီအနေဖြင့် စောင့်ကြည့်နိုင်ရေး ဆောင်ရွက်သင့်ပါကြောင်း အကြံပြု ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၀၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာ စန်းမောင်မောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၂။**

**ဒေါက်တာစန်းမောင်မောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစန်းမောင်မောင် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး

ကော်မတီရဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အင္ဒမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့တဲ့ အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာအပေါ် အကြံပြုဆွေးနွေး တင်ပြသွားမှာဖြစ်ပါတယ်။

(၁) အစီရင်ခံစာ စာမျက်နှာ(၁၃)မှာ (ဈ)(ဈ)မှာ ရေထွက်ပစ္စည်းများကို စစ်ဆေးရာတွင် အမှန်တကယ် ဆိပ်ကမ်း တင်/ချကို စစ်ဆေးခြင်းမဟုတ်ဘဲ ငါးဖမ်းလှေတာဝန်ခံမှပေးသော စာရင်းဇယားများကိုသာ စစ်ဆေးလက်မှတ်ထိုးပြီး Catch Certificate ထုတ်ပေးနေခြင်းကို ဖော်ပြထားပါတယ်။ အမှန်တကယ်လည်း နိုင်ငံတကာ စည်းမျဉ်း၊ စည်းကမ်းများအရ Catch Certificate အား သတ်မှတ်ထားသည့် ဆိပ်ကမ်းတွင် ငါးအမျိုးအစားနှင့် ကုန်ချိန်ကို မျက်မြင်စစ်ဆေးပြီးမှသာ ထုတ်ပေးရမည်ဖြစ်ပါသည်။ ငါးသယ်ရေယာဉ်များအတွက် Catch Certificate ထုတ်ပေးရန် စည်းကမ်းချက်များမှာ (၁)ငါးသယ်ရေယာဉ်များအတွက် Catch Certificate အား သတ်မှတ်ထားသည့် ဆိပ်ကမ်းတွင်သာ ထုတ်ပေးသည်။ (၂) Catch Certificate များ ဆိပ်ကမ်းတွင် ငါးအမျိုးအစားနှင့် ကုန်ချိန်ကို မျက်မြင်စစ်ဆေးပြီးမှသာ ထုတ်ပေးမည်ဖြစ်သည်။ Catch Certificate များကို ကြိုတင်ထုတ်ပေးခြင်းကို လုံးဝခွင့်ပြုမည်မဟုတ်ပါ။ (၃) Catch Certificate အား လျှောက်ထားရာတွင် သတ်မှတ်ထားသည့် အချက်အလက်များ ပြည့်စုံခြင်းနှင့် မှန်ကန်ခြင်းရှိမှသာ ထုတ်ပေးမည်ဖြစ်သည်။ အချက်အလက် ပြည့်စုံမှု၊ မှန်ကန်မှုမရှိလျှင် လုံးဝထုတ်ပေးမည် မဟုတ်ပါ။ (၄) ငါးသယ်ရေယာဉ်များ တင်ပြလာသည့် ကုန်လွှဲပြောင်းမှုမှတ်တမ်းအား ငါးလုပ်ငန်းဦးစီးဌာနသို့ ပေးပို့ထားသည့် နေ့စဉ်ငါးဖမ်းမှတ်တမ်းများနှင့် တိုက်ဆိုင်စစ်ဆေးပြီးမှသာ ထုတ်ပေးမည်ဖြစ်သည်။ ငါးဖမ်းရေယာဉ်များ၏ နေ့စဉ် ငါးဖမ်းမှတ်တမ်းများတွင် ငါးသယ်ရေယာဉ်များမှ သယ်ယူလာသည့် ငါးဖမ်းရေယာဉ် အမျိုးအစားနှင့်ကုန်ချိန် ဖော်ပြထားခြင်းမရှိပါကလည်းကောင်း၊ မှန်ကန်မှုမရှိပါကလည်းကောင်း Catch Certificate ထုတ်ပေးမည်မဟုတ်ပါ။

Catch Certificate ကို နိုင်ငံတကာစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထုတ်ပေးခြင်းမပြုပါက ထိုင်းနှင့် ဗီယက်နမ်နိုင်ငံ များကဲ့သို့ မကြာမီ IUU ဖြင့် အဝါကတ်၊ အနီကတ်များ ထိမည်ကို စိုးရိမ်ရပါတယ်။ အဝါကတ်၊ အနီကတ် ဆိုသည်မှာ နိုင်ငံတကာမှ ရေထွက်ပစ္စည်း ငါးတင်ပို့မှုသည် တရားမဝင်ကြောင်း သတိပေးတားမြစ်ချက် ဖြစ်ပါသည်။ (၂) အစီရင်ခံစာ စာမျက်နှာ(၁၂)မှာ ပြည်ပနိုင်ငံများမှလည်း တရားမဝင်ငါးဖမ်းဆီးမှုများ ရှိနိုင်ခြင်း တကယ်တော့ ပြင်ပတွင် ပြည်ပနိုင်ငံများမှ တရားမဝင် ငါးများဖမ်းဆီးနေကြောင်း ကြားသိရပါတယ်။ ဤသို့ဖြစ်ရသည်မှာလည်း VMS(ခ)Vessel Monitoring System မရှိသောကြောင့် ဖြစ်ရပါတယ်။ အကယ်၍ VMS စနစ်ကို တပ်ဆင်အသုံးပြုမည်ဆိုပါက မည်သည့်နိုင်ငံမှ သင်္ဘောများ တရားမဝင်ဖမ်းဆီးနေကြောင်းကို တိတိကျကျသိနိုင်မည်ဖြစ်ပါတယ်။ ထို့ကြောင့် VMS စနစ် တပ်ဆင်သင့်ပါတယ်။ (၃) ငါးလုပ်ငန်းဦးစီးဌာနနှင့် နိုင်ငံခြားသားဖက်စပ်သဘောတူစာချုပ် MFIJV အရ ငါးလုပ်ငန်းဦးစီးဌာနနှင့် ရှေ့နေချုပ်ရုံးတို့မှ ကော်မတီတွင် လာရောက်ဖြေဆိုရာတွင် MFIJV လုပ်ငန်းဟာ အခြား JV လုပ်ငန်းများနည်းတူ အရှုံးပေါ်နေကြောင်း သုံးသပ်ဖြေကြားသွားပါတယ်။ အကယ်၍ MFIJV အရှုံးနှင့် ရင်ဆိုင်နေရလျှင် စာချုပ်အရ ရှယ်ယာဝင် (B) နဲ့ (C) ကို လွှဲပေးရန်သာ ဖြစ်ပါသည်။ ယခုအခါတွင် ရှယ်ယာဝင် (B) နဲ့ (C) ကိုမလွှဲဘဲ စာချုပ်ကို ဖောက်ဖျက်ပြီး ပြိုင်ဘက်ကုမ္ပဏီကို လွှဲပြောင်းပေးရန် ကြိုးစားနေကြောင်းတွေ့ရပါတယ်။

ယင်းသို့ လုပ်ဆောင်ခြင်းသည် စာချုပ်ပါ စည်းမျဉ်း၊ စည်းကမ်းများကို ဖောက်ဖျက်သည့်အပြင် အမေရိကန်ဒေါ်လာသန်း(၂၀) ထပ်မံရရှိရေး ကြန့်ကြာအောင် လုပ်ဆောင်နေခြင်းလည်း ဖြစ်ပါတယ်။ (၄) MFIJV Ltd မှ မတည်ရင်းနှီးငွေပမာဏ တိုးမြှင့်ခွင့်ပြုရေးကိစ္စနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြလာခြင်းကိစ္စအပေါ် ပြည်ထောင်စုဝန်ကြီးမှ ခုံသမာဓိ စစ်ဆေးပြီးမှ စစ်ဆေးရေး၊ စီးပွားရေးကော်မတီ၏ ဆုံးဖြတ်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ရန် မှတ်ချက်ပြုထားပါတယ်။ ခုံသမာဓိတွင် ပါဝင်သော ငါးလုပ်ငန်းဦးစီးဌာန၏ ပါတီကိုယ်စားပြု အဖွဲ့ဝင် တစ်ဦးကို ရည်ရွယ်ချက်ရှိရှိဖြင့် မဖြစ်မနေနှုတ်ထွက်စေရန် အကွက်ကျကျ ဖန်တီးခဲ့ပါတယ်။ ပါတီ(B)ရဲ့ ကိုယ်စား ခုံသမာဓိအဖွဲ့ဝင်ကိုလည်း နှုတ်ထွက်စေရန် ဖိအားပေးခြိမ်းခြောက်ခဲ့သည်ဟု ကြားသိရပါတယ်။ ဤကဲ့သို့ ခုံသမာဓိအဖွဲ့ ပျက်အောင်လုပ်ဆောင်ခြင်းသည် အချိန်ကြန့်ကြာအောင် ပြုလုပ်ခြင်းဖြစ်ကြောင်း ပိုမိုပေါ်လွင်စေပါတယ်။

ထို့ကြောင့် ယင်းကဲ့သို့ အချိန်ကြာအောင် သွယ်ဝိုက်၍ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ ဆောင်ရွက်နေကြသည့် သက်ဆိုင်ရာများကို ဥပဒေကြောင်းအရ အရေးယူသင့်ကြောင်း အကြံပြုဆွေးနွေးအပ်ပါတယ်။ ခုံသမာဓိအဖွဲ့ဝင် အသစ်များကိုလည်း အမြန်ဆုံး ပြန်လည်ခန့်ထား ဖွဲ့စည်းပေးရန် တိုက်တွန်း အကြံပြုအပ်ပါတယ်။ (၅)ဒေသအတွင်း ငါးလေလံဈေး အလျင်အမြန် ပေါ်ပေါက်လာစေရန် ဒေါ်လာသန်း(၂၀) ထပ်မံရင်းနှီးမြှုပ်နှံမှုကို အလျင်အမြန် ခွင့်ပြုသင့်ပါကြောင်း တိုက်တွန်းအကြံပြုရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၀၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၇။**

**ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မျိုးဝင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစီရင်ခံစာမှာပါတဲ့ ငါးလေလံဈေး၊ ငါးတင်ငါးချဆိပ်ကမ်းအဆိုနဲ့ ပတ်သက်၍ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီမှ တင်သွင်းသော အစီရင်ခံစာဟာ ပွင့်လင်းမြင်သာမှုရှိပြီး ဒေသအတွင်း လက်ရှိဖြစ်ပျက်နေသော အခြေအနေများကို တိတိကျကျဖော်ပြထားတဲ့အတွက် ကောင်းမွန်ပြည့်စုံတဲ့ အစီရင်ခံစာဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ထို့အတွက်ကြောင့် ကောင်းမွန်သော အစီရင်ခံစာတစ်ခု ဖြစ်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကိုလည်း အထူးပင်ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၆၉ အရ ရင်းနှီးမြှုပ်နှံမှုဟူသည် ကော်မရှင်၏ ခွင့်ပြုမိန့်ရရှိပြီးမှသာ သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများနှင့် လိုအပ်သော ပဋိညာဉ်စာချုပ်များ ချုပ်ဆိုခြင်း၊ လက်မှတ်ရေးထိုးခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုများအား ဆောင်ရွက်ခွင့် ရှိသည်ဟု ပါရှိပါသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် MIC တာဝန်ရှိသူများက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီသို့ ပထော်ပထက်ကမ်းဆီ ငါးတင် ငါးချဆိပ်ကမ်း တံတားနှင့်ပတ်သက်၍ လာရောက်ရှင်းလင်းစဉ်က ဆိပ်ခံတံတား ပြန်လည် တည်ဆောက်ရန် ဆိပ်ကမ်းအာဏာပိုင်များနှင့် စာချုပ်ချုပ်ဆိုစဉ် MIC ဥပဒေမထွက်ခင်က စာချုပ် ချုပ်ဆိုခဲ့တယ်ဆိုပြီး ရှင်းလင်းဖြေကြားသွားခဲ့ပါတယ်။ အမှန်တကယ်က MIC ဥပဒေကို ၁၈-၁၀-၂၀၁၆ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်း၍ ဆိပ်ခံတံတားတွင် မြေငှားစာချုပ်ကို ၂၀-၁၁-၂၀၁၆ ရက်နေ့မှ ချုပ်ဆိုခဲ့ပြီး ၂၁-၁၁-၂၀၁၆ ရက်နေ့တွင် စတင်အကောင်အထည်ဖော် လုပ်ဆောင်ခဲ့ပါတယ်။ MIC တာဝန်ရှိသူ၏ မှားယွင်းစွာ ဖြေကြားမှုသည် လွှတ်တော်ကော်မတီကိုလည်း အလေးမထား ဂရုမပြုရာ ရောက်ပါတယ်။ ဒုတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီး၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ပြည့်ဖြိုးထွန်းကုမ္ပဏီ၏ တည်ဆောက်နေဆဲ ဆိပ်ခံကွန်ကရစ်တံတားသည် ကိုယ်ပိုင်လုပ်ငန်းသုံး တံတားအဖြစ်သာဖြစ်ကြောင်း ဖြေကြားထားပါတယ်။

အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ၏ အစီရင်ခံစာတွင်လည်း ကိုယ်ပိုင်လုပ်ငန်းသုံး တံတားအဖြစ်သာ ဖော်ပြထားပါတယ်။ ၃-၈-၂၀၁၈ ရက်နေ့က MIC အစည်းအဝေးမှာ ဆိပ်ခံတံတား (၈၅)ရာခိုင်နှုန်းပြီးစီးပြီးမှ ခွင့်ပြုမိန့်ပေး ရန် ပြည့်ဖြိုးထွန်းကုမ္ပဏီက ခွင့်ပြုချက်လာတင်ထားသဖြင့် MIC က ဥပဒေနဲ့မညီပါလို့ ထောက်ပြ ထား၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ သဘောထားမှတ်ချက်မေးရန် ဆုံးဖြတ်ခဲ့သည်ကို သိရှိရ ပါတယ်။

၆-၉-၂၀၁၈ ရက်နေ့တွင် ကော်မတီတွင် MIC ၏တာဝန်ရှိသူက ဖြေကြားရာ MIC က ယခု အချိန်ထိ ခွင့်ပြုထားခြင်းမရှိဟု ဖြေကြားထားသော်လည်း ၇-၉-၂၀၁၈ ရက်နေ့တွင် ငါးတင်ငါးချဆိပ်ခံ တံတား ဝန်ဆောင်မှုလုပ်ငန်းဖြင့် ခွင့်ပြုပေးခဲ့ကြောင်း MIC ရုံး၏ DICA Website_မှာ တင်ပြထားပြီး အလျင်အမြန် တစ်လအတွင်း ချထားပေးခဲ့ကြောင်း တွေ့ရှိရပါတယ်။ သို့ဖြစ်၍ မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေနဲ့လည်း ညီညွတ်မှုမရှိလျှင် အရေးယူရမည်ကို သိရှိပါလျက်နဲ့ အရေးယူရ မည့်အစား ခွင့်ပြုမိန့်ပေးခဲ့သဖြင့် သက်ဆိုင်ရာဌာနများကိုလည်း ထိရောက်စွာ အရေးယူသင့်ပါကြောင်း အကြံပြု တိုက်တွန်းအပ်ပါတယ်။

MFIJV ရဲ့ ဖက်စပ်သဘောတူစာချုပ် စာပိုဒ်(၆-၄)တွင် အစုရှယ်ယာရှင်များသည် အစု ရှယ်ယာအချို့ကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ ကုမ္ပဏီ၏ပြင်ပသို့ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်း ခြင်းပြုလုပ်နိုင်သည်။ သို့သော် ကုမ္ပဏီ၏ အခြားအစုရှယ်ယာရှင်များအား ဦးစားပေးရမည်ဖြစ်ပြီး အခြားအစုရှယ်ယာရှင်များ၏ ကြိုတင်သဘောတူညီချက်ဖြင့်သာ ပြုလုပ်ရမည်ဟုပါရှိပါသည်။ သို့သော် ၁၁-၆-၂၀၁၈ ရက်နေ့တွင် အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန် ခံချက်များစိစစ်ရေးကော်မတီ၌ ပြည့်ဖြိုးထွန်းကုမ္ပဏီ၏တာဝန်ရှိသူက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်

ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ နိုင်ငံတကာအဆင့်မီ ငါးလေလံဈေး MFIJV တွင်ပါဝင်သော ငါးလုပ်ငန်းဦးစီးဌာန၊ ပါတီ(A)ပိုင်အစုရှယ်ယာ (၃၀)ရာခိုင်နှုန်းအား ၎င်းကို (၄)ကြိမ်(၅)ကြိမ်ခန့်ခေါ်၍ပေးကြောင်း ဖြေကြားထည့်ဆိုထားပြီးဖြစ်သည့်အပြင် အစီရင်ခံစာဖတ်ကြားပြီး နောက်တစ်ရက် ၁၃-၉-၂၀၁၈ ရက်နေ့တွင် ငါးလုပ်ငန်းဦးစီးဌာနရှိ ညွှန်ကြားရေးမှူးအဆင့်ရှိတဲ့ တာဝန်ရှိသူက မြိတ်ဒေသရှိ၊ မြိတ်ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး MFIJV ရဲ့ ထပ်မံရင်းနှီးမည့် အမေရိကန်ဒေါ်လာသန်း(၂၀) အမြန်ရရှိလိုပါက (၁) ရှယ်ယာရှင် ပါတီ(A) ငါးလုပ်ငန်းဦးစီးဌာနထံမှ ချေးငွေပြန်ရလိုမှု စွဲဆိုထားသောအမှုအား ချက်ချင်းရုပ်သိမ်းပေးရန်၊ (၂) ငါးလုပ်ငန်းဦးစီးဌာန ပါတီ(A)မှ ပေးရန်ငွေများကို ပါတီ(B)မှ လျော်ပေးရန်။ (၃) ပါတီ(A) ငါးလုပ်ငန်းဦးစီးဌာနက ထည့်ဝင်ထားသော ရှယ်ယာ(၃၀)ရာခိုင်နှုန်းကို ဌာနက နှစ်သက်သည့်ကုမ္ပဏီအား လွှဲပြောင်းပေးခြင်းကို လက်ခံရန်နှင့် ဒေသခံပြည်သူများက MFIJV ၏ ရှယ်ယာရှင်များဖြစ်သော ပါတီ(B)နှင့် ပါတီ(C)အား စည်းရုံးပေးရန် ၎င်းအချက်(၃)ချက် လက်ခံမှသာ အမေရိကန်ဒေါ်လာ သန်း(၂၀)ကိစ္စအမြန်အဆင်ပြေမည်။ မဟုတ်ပါက တစ်သက်လုံး ကြာသွားနိုင်သည်ဟု ပြောကြားသွားပါသည်။ ထိုသို့ပြောကြားခြင်းသည် အဂတိမကင်းသလို ရိုးသားသည့် ဒေသခံများကို အခွင့်ကောင်းယူပြီး ရင်းနှီးမြှုပ်နှံသူများအပေါ် အထင်လွဲစေရန် တမင်ရည်ရွယ်ချက်ရှိစွာဖြင့် လုပ်ဆောင်နေခြင်းဖြစ်သည်ကို တွေ့ရှိရပါတယ်။ ဌာနနှင့် တရားဝင် ရင်းနှီးမြှုပ်နှံထားပြီး တရားဝင် သဘောတူစာချုပ်ရှိပါလျက် မလိုက်နာမလုပ်ဆောင်ပေးဘဲ ပြိုင်ဘက်ကုမ္ပဏီအား ပေးရန်ပြောကြားခြင်းမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူက အစိုးရအား အထင်အမြင်လွဲမှား အယုံအကြည်ကင်းမဲ့စေသည်အထိ စည်းလွတ်ဝါးလွတ်ပြောကြားနေခြင်းများကြောင့် မိမိတို့နိုင်ငံက နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအပေါ် အာမခံထားသည့်အချက်များကို ချိုးဖောက်နေသည်ဟု ထင်မြင်ယူဆသွားရင် မလိုလားအပ်သော နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်လာနိုင်ပါသည်။

သို့ဖြစ်ပါ၍ ယင်းအခြေအနေများ မဖြစ်ပေါ်လာစေရန် ဥပဒေနှင့်အညီ လုပ်ဆောင်နေသူများကို ဖိနှိပ်ထားပြီး၊ ဥပဒေနှင့် မညီသူများကို ကာကွယ်ပေးနေကြသော သက်ဆိုင်ရာ ဌာနဝန်ထမ်းများကိုလည်း ထိရောက်စွာ အရေးယူသင့်ပါကြောင်းနှင့် ဥပဒေနှင့်မညီသည့် ရင်းနှီးမြှုပ်နှံမှုများကိုလည်း ထိရောက်စွာ အရေးယူပေးပါရန် တိုက်တွန်းအပ်ပါသည်။ သို့မှသာ တရားဥပဒေ၏အထက်တွင် ငွေကြေးမရှိနေကြောင်း ယခုကိစ္စဖြင့် သက်သေထူနိုင်ပါမည်ဖြစ်သည်။ MFIJV ၏ ထပ်မံရင်းနှီးမြှုပ်နှံမည့် အမေရိကန်ဒေါ်လာသန်း(၂၀)အား အမြန်ဆုံးခွင့်ပြုပေးခြင်းဖြင့် ဒေသအတွင်းအလုပ်အကိုင်အခွင့်အလမ်း အမြန်ဆုံးဖန်တီးပေးနိုင်မည်ဖြစ်သည့်အပြင် တိုင်းပြည်အတွက် အခွန်ငွေများကို အလေအလွင့်မရှိအောင် ထိရောက်စွာ ကောက်ခံနိုင်မည့် ငါးလေလံဈေး၊ ငါးတင်ငါးချဆိပ်ကမ်းတစ်ခု ဒေသအတွင်း၌ အမြန်ဆုံး ပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး မိမိနိုင်ငံ၏ ရေထွက်သယံဇာတများကို အကျိုးရှိရှိ ရောင်းချနိုင်မည့် ငါးဈေးကွက်ကြီးတစ်ခု စနစ်တကျတည်ဆောက်နိုင်၍ နိုင်ငံ့အကျိုးစီးပွား မြန်မာ့ရေလုပ်ငန်းကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများကိုလည်း ဖိတ်ခေါ်နိုင်မှာဖြစ်ကြောင်း နိဂုံးချုပ်တင်ပြလိုက်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၁၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၁၄။**

**ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ Power Point အသုံးပြုခွင့်ပြုဖို့ တောင်းခံအပ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း တင်သွင်းခဲ့တဲ့ စစ်ဆေးရေးဂိတ်ရှိတဲ့ ငါးတင်ငါးချဆိပ်ကမ်း အောင်မြင်အောင်ဆောင်ရွက်ဖို့ တိုက်တွန်းတဲ့အဆိုနဲ့ ပတ်သက်ပြီး အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအနေနဲ့ ကွင်းဆင်းလေ့လာပြီး အသေးစိတ် ကွက်ကွက်ကွင်းကွင်း ထောက်ပြနိုင်ခဲ့တဲ့ ဒီအစီရင်ခံစာအရ ကော်မတီအနေနဲ့ တာဝန်ကျေစွာ ပီပီပြင်ပြင် ဆောင်ရွက်နိုင်ခဲ့တာကို ကော်မတီတစ်ရပ်လုံးနဲ့ အမျိုးသားလွှတ်တော်ကြီးအား အထူးကျေးဇူးတင် ဝမ်းမြောက်မိပါကြောင်း ရေသယံဇာတများ အကျိုးမဲ့ မဆုံးရှုံးစေလိုတဲ့ ဒေသခံ ရေလုပ်သားများကိုယ်စား ပြောကြားလိုပါတယ်။ (Myanmar Fisheries International Joint Venture Limited)ကို ၂၀၀၀ ပြည့်နှစ်ကတည်းက Myanmar Investment Commission - MIC ရဲ့ တရားဝင်ခွင့်ပြုချက်နဲ့ ငါးလုပ်ငန်းဦးစီးဌာနက ပါတီ(A) အဖြစ်လည်းကောင်း၊ ပြည်ပလုပ်ငန်းရှင် Setraco International Ltd-SIL က ပါတီ(B)အဖြစ်လည်းကောင်း၊ ပြည်တွင်းပါတနာအနေနဲ့ Asia Blue Line-ABL အုပ်ချုပ်မှုဒါရိုက်တာဖြစ်သူက ပါတီ(C)အဖြစ်လည်းကောင်း၊ ၃၀:၆၀:၁၀ ရပိုင်ခွင့်အချိုးများနဲ့ လုပ်ငန်းစတင်ခဲ့ကြပြီး ထိုင်း-မြန်မာနယ်စပ် ပြဿနာဂယက်ကြောင့် ကုန်သွယ်မှုရပ်ဆိုင်းခဲ့ရပါတယ်။

၂၀၀၄ ခုနှစ်မှာ ပြန်လည်စတင်နိုင်ခဲ့ပေမယ့် ၂၀၁၂ ခုနှစ်မှာ လုပ်ငန်းစတင်ချိန် နိုင်ငံခြားကုမ္ပဏီ ပါတီ(B)က ငါးလုပ်ငန်းဦးစီးဌာန ပါတီ(A) ထည့်ဝင်ရမယ့် ရှယ်ယာများစိုက်ထုတ် ချေးငှားထားခြင်းကို ပြန်လည်ရယူလိုမှုအတွက် စွဲဆိုတဲ့ တရားမမှုကြီးအဆင့်ထိ ရောက်ခဲ့ရာမှ ယခုအခါမှာတော့ နောက်ထပ် အမေရိကန်ဒေါ်လာသန်း(၂၀)ထပ်မံရင်းနှီးခွင့်ရဖို့နဲ့ အဆင်ပြေတာနဲ့ ပါတီ(A)ထံကနေ ရလိုတဲ့ အတိုးအရင်းကိစ္စ တောင်းခံခြင်းမပြုတော့ဘဲ ပါတီ(B)ဘက်က လျှော်ပေးမယ့်အကြောင်း သဘောတူထားပြီး ၎င်းရင်းနှီးမြှုပ်နှံငွေ ထပ်မံတိုး၍ တောင်းခံခြင်းကိစ္စဟာ အချိန်(၂)နှစ်မျှကြာလာတာနဲ့ အမျှ MFIJV အနေနဲ့ တစ်လကို မြန်မာငွေကျပ်သိန်း(၉၀၀)လောက် အတိုးမြင့်လာတိုင်း နိုင်ငံတော်အနေနဲ့လည်း (၃၀)ရာခိုင်နှုန်းပါဝင်ထားလို့ ဌာနကနေ လစဥ်မြန်မာငွေ ကျပ်သိန်း(၂၇၀)ပေးဆပ်ဖို့ တာဝန်ရှိနေလို့ ဒီချေးငွေ အမေရိကန်ဒေါ်လာသန်း(၂၀)ကိစ္စကို မြန်မြန်ပြီးပြတ်ဖို့ အရေးတကြီး လုပ်ဆောင်ရမယ့် အခြေအနေဖြစ်ပါတယ်။ အစီရင်ခံစာပါ ပြည့်ဖြိုးထွန်း(PPT)ကုမ္ပဏီနဲ့ ပတ်သက်လို့ မကြာခင်ကမှ ငါးတင်ငါးချ ဆိပ်ကမ်းအတွက် တရားဝင်ဖြစ်ဖို့ အသည်းအသန်ကြိုးစားခဲ့တဲ့ ကုမ္ပဏီဖြစ်ပြီး စစခြင်း ဥပဒေနဲ့ အညီမဟုတ်ဘဲ လုပ်ဆောင်ချက် (၈၅)ရာခိုင်နှုန်းလောက်ပြီးတော့မှ ဥပဒေနဲ့ညီအောင် လိုက်ပြင်ယူတာမျိုး အဆင့်ဘောင်ကျော်လွန်မှုများစွာနဲ့ အစကတည်းက

ရည်ရွယ်ချက်ရှိရှိ ဖိနှိပ်အသေးဝယ်ပြီးမှ ခြေဖနောင့်ကို လှီးဖြတ်ညှိယူတဲ့သဘောဖြစ်နေလို့ MIC ဥပဒေကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလိုသူတွေက အယုံကြည် နည်းပါးစေပါတယ်။

ဥပမာ တိုင်းဒေသကြီးလွှတ်တော်မှာ လာဖြေစဥ်တုန်းက ကိုယ်ပိုင်ဆိပ်ကမ်းသုံးပဲလို့ ပြောပြီး ငါးလေလံဈေးကိစ္စ အတန်တန်ငြင်းခဲ့တာရယ်၊ မြိတ်မြို့ MFIJV နဲ့ မလှမ်းမကမ်း ယောကြီးမြစ်နှုတ်ခမ်းမှာ ငါးလေလံဈေး စီမံကိန်းဆိုပြီး ဒုတိယသမ္မတဦးဆောင်တဲ့အဖွဲ့ကို အရင်ခေါ်ပြပြီးမှ ဘယ် MIC ကမှ တရားဝင်ခွင့်ပြုချက်မရှိသေးဘဲနဲ့ အတည်ပြုချက် ရထားသယောင်ယောင်နဲ့ လက်တွေ့မှာ တပ်မြေဖြစ်နေလို့ ကာကွယ်ရေးဦးစီးချုပ်ကြီးက လုံခြုံရေးအရ ခွင့်ပြုမရနိုင်ဆိုတော့မှ ပထော်ပထက်ကျွန်းကို အချိန်တိုအတွင်း တရားမဝင် ဝင်အောင် မည်သို့လုပ်လိုက်သည်မသိပါ ဆိုသလို ၇-၉-၂၀၁၈ ရက်နေ့မှာပဲ ငါးတင်ငါးချဆိပ်ကမ်းအဖြစ်နဲ့ MIC က ခွင့်ပြုလိုက်ပြီလို့ဆိုပါတယ်။ ထုံးစံအရ (၂)ကြိမ်ထက်ပိုပြီး တင်လေ့မရှိတဲ့ အဆိုပြုလွှာကို MIC အနေနဲ့ ထူးထူးခြားခြား ဒီနှစ် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလမှာ (၁)ကြိမ်၊ ဇွန်လနှင့် ဇူလိုင်လမှာ (၃)ကြိမ် စုစုပေါင်း (၄)ကြိမ်အထိ တင်စေပြီးမှ အခုလိုခွင့်ပြုချက် ပေးလိုက်တာဟာ MIC ရဲ့ သမိုင်းမှာ ဒါ ပထမဆုံးပဲဖြစ်ပါတယ်။

ဥပဒေအရ အားနည်းချက်ရှိတဲ့ တစ်ဦးကို လုပ်ပိုင်ခွင့်မရရအောင် ဖြေလျှော့ပေးပြီး ဥပဒေနဲ့ညီတဲ့ မူလတစ်ဦးကိုတော့ မကြာကြာအောင် အကြောင်းအမျိုးမျိုးပြနေခြင်းက ညီမျှတဲ့ ယှဥ်ပြိုင်မှုမျိုး မဟုတ်ပါ။ တစ်ဦးကို ချုပ်နှောင်ပြီးမှ ပြိုင်ဘက်ကို ထိုးခိုင်းတဲ့ ကြိုးဝိုင်းလို ဖြစ်နေပါတယ်။ လုပ်ငန်းရှင်တို့ရဲ့ လောဘကို အပြစ်မပြောလိုပေမယ့် ဥပဒေနဲ့အညီ မျှတစွာ ယှဥ်ပြိုင်စေပြီး တိုင်းပြည်ရဲ့မျက်နှာကို ကြည့်သင့်တာမို့ ဤဇာတ်လမ်းဖြစ်မြောက်အောင် ဝိုင်းဝန်းကူညီကြသူတွေကိုပဲ အံ့အားသင့်မိပါတယ်။ သုံးဦးသုံးဖလှယ်ချုပ်ဆိုထားတဲ့ စာချုပ်အရ ပါတီ(A)အနေနဲ့ အစုရှယ်ယာကို လွှဲချင်ရင် ပါတီ(B)နဲ့ (C)ကိုပဲ အနီးစပ်ဆုံး လွှဲပြောင်းရောင်းချရမှာဖြစ်ပေမယ့် ပါတီ(A)က သူ့ရဲ့အစုကို ရှယ်ယာဝင်ဖို့အတွက် PPT ထံကိုလည်းကောင်း၊ အခြားတစ်ဦးဦးကိုလည်းကောင်း လွှဲပေးတာ သဘောတူဖို့ ပါတီ (B)နဲ့(C)ကို ဖိအားပေးရုံမက ဒေသခံတွေကိုပါ စည်းရုံးခိုင်းနေတဲ့ ဌာနရဲ့လုပ်ရပ်က စာချုပ်ကို ဖောက်ဖျက်နေမှုအပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနဲ့လည်း ငြိစွန်းနေပြီဆိုတာ ထောက်ပြချင်ပါတယ်။

ဥပဒေနဲ့အညီ ကြိုးပမ်းဆောင်ရွက်နေသူကို အခွင့်အရေး ပိတ်ပင်အောင် အကြောင်းပြ အချိန်ဆွဲပြီး ဥပဒေနဲ့ မညီသေးသူကိုတော့ အတင်းလျှော့ပေါ့တည်းဖြတ်လို့ မြန်မြန်ဆန်ဆန် တိုက်ရိုက်တစ်မျိုး၊ သွယ်ဝိုက်တစ်ဖုံနဲ့ ဆောင်ရွက်ခဲ့ကြတာတွေဟာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ အခန်း(၁)၊ အပိုဒ် ၃ (က)(၁)မှာ မည်သူမဆို ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ တစ်စုံတစ်ရာကို ပြုလုပ်ရန် သို့မဟုတ် ဥပဒေနဲ့အညီ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရန် ဥပဒေနဲ့အညီ ရထိုက်ခွင့်မရှိသော အခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနဲ့အညီ ရထိုက်သော အခွင့်အရေးကို မမှန်မကန် ပိတ်ပင်ရန်အတွက် စတဲ့ဖော်ပြချက်အရသော်လည်းကောင်း၊ အပိုဒ် ၃(က)(၂)မှာ မည်သူမဆို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အများပြည်သူဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် အခြား အဖွဲ့အစည်း၏ ပြည်သူ့ဘဏ္ဍာကို ကိုင်တွယ်စီမံဆောင်ရွက်သည့် လုပ်ငန်းစဥ်တွင်ဖြစ်စေ၊ ယင်းတို့၏ ပိုင်ဆိုင်မှုကို တောင်းခံခြင်း၊ ရယူခြင်း၊ စီမံခန့်ခွဲခြင်း၊ ရှင်းလင်းဖျက်သိမ်းခြင်း ပြုရာတွင်ဖြစ်စေ၊ ယင်းတို့နဲ့ သက်ဆိုင်မှုရှိသော သဘောတူစာချုပ်တစ်ခုတွင် ပါဝင်ခြင်း၊ စီမံဆောင်ရွက်ခြင်းပြုရာတွင်

ဖြစ်စေ တည်ဆဲဥပဒေစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း တစ်ရပ်ရပ်ကို ဖောက်ဖျက်လျက် နိုင်ငံတော်၏ ငွေကြေးပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးစေခြင်းလို့ ဆိုထားတဲ့အတွက် လက်ရှိဆွေးနွေးနေတဲ့ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာနဲ့ ပတ်သက်လို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ကို MFIJV ရဲ့ နောက်ထပ် အမေရိကန်ဒေါ်လာသန်း(၂၀)ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်တောင်းခံတဲ့ကိစ္စနဲ့စပ်လျဉ်းပြီး ဘယ်ဌာနတွေမှာ တာဝန်အရှိဆုံးနဲ့ လွှတ်တော်ကြီးကနေ အကြိမ်ကြိမ်ဖော်ထုတ် ထောက်ပြရတဲ့အထိ (၁) နိုင်ငံတော်အတွက် ဆုံးရှုံးမှုတွေဖြစ်နေတာ၊ (၂) MIC ဆုံးဖြတ်မှုအားနည်းချက်ကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေအတွက် အယုံအကြည်မဲ့စေတာ၊ (၃) ပြည်ပပို့ ရေသယံဇာတဈေးနှုန်းတွေ အလွန်အမင်းကွာဟနေတာ စတဲ့ တာဝန်မဲ့စွာနဲ့ ပေါ့လျော့နေမှုတွေကို ကျော်ဇောသတင်းတစ်ရပ်ဖြင့် သတ်မှတ်ပြီး အဂတိလိုက်စားမှု တစ်စုံတစ်ရာ အကျုံးဝင်နေခြင်းကို Anti Corruption Commission- Myanmar (ACC-Myanmar) အနေနဲ့ စုံစမ်းဖော်ထုတ်ဖို့ အမြန်လိုအပ်နေတဲ့အပြင် ပြည်သူ့အသံကို ကိုယ်စားပြုတဲ့ လွှတ်တော်ကြီးကနေ နိုင်ငံတော်အတွက် အကျိုးများစေမယ့် ငါးတင်ငါးချဆိပ်ကမ်း MFIJV ရဲ့ ထပ်မံရင်းနှီးမြှုပ်နှံမှု ခွင့်ပြုချက်ကိစ္စ ပြည်ပန်းညို ချိုနေပါလျက်နဲ့ ဆားကြောင့်မပျက်စေဖို့ အထူးလိုအပ်ပါကြောင်း ဆွေးနွေးတင်ပြ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၂၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၂၀။**

**ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးလှဆန်း မှ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာတွင် ၈-၅-၂၀၁၈ ရက်နေ့မှ ၁၇-၅-၂၀၁၈ ရက်နေ့အထိ တနင်္သာရီတိုင်းဒေသကြီးသို့ ကွင်းဆင်းစစ်ဆေးစိစစ်ရာတွင် တွေ့ရှိရသော (၁) ပင်လယ်ရေထွက် သယံဇာတများ အထိန်းအကွပ်မဲ့စွာ ထုတ်လုပ်နေပါ၍ ရေသယံဇာတများ ဆုံးရှုံးပျောက်ကွယ်ပျက်သုဉ်းမည့် အခြေအနေကို ဦးတည်နေခြင်း၊ (၂) ပင်လယ်ရေထွက်သယံဇာတများ အလွန်အကျွံထုတ်ယူပြီးတော့ တစ်ပါးနိုင်ငံသို့ တရားမဝင် Export တင်ပို့မှုများ များပြားနေခြင်း၊ (၃) ဒီရေတောနှင့် ပင်လယ်ကြမ်းပြင်ရှိ သန္တာကျောက်တန်းများ အပါအဝင် အခြားသော သဘာဝပတ်ဝန်းကျင်ထိခိုက်နစ်နာမှု၊ ဆုံးရှုံးမှုများဖြစ်ပေါ်နေခြင်း၊ (၄) ပြည်ပနိုင်ငံများမှ တရားမဝင် ငါးဖမ်းဆီးမှုများ ရှိနိုင်သလို ကမ်းဝေးငါးဖမ်း ရေယာဉ်များသည် မြန်မာနိုင်ငံသားများ၏ အမည်ခံပြီး နိုင်ငံခြားသားပိုင်များဖြစ်နေခြင်းရှိ/မရှိ စိစစ်ရန်လိုအပ်ခြင်း၊ နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ငါးအမျိုးအစားနှင့် ကုန်ချိန်များကို မျက်မြင်စစ်ဆေးခြင်း

မဟုတ်ဘဲ စာရင်းဇယားအပေါ် အခြေခံကောက်ခံနေရပါ၍ နိုင်ငံ့ဝင်ငွေအခွန်အခများ များစွာ ဆုံးရှုံးနစ်နာနေခြင်း၊ (၆) ကမ်းဝေးငါးဖမ်းလှေကြီးများက ဥပဒေကို မထီမဲ့မြင်ပြု ကမ်းနီးသို့ ဝင်ရောက်ပြီး လှေ၏နံပါတ်များကို ဖုံးကွယ်လျက် ဝင်ရောက်ဖမ်းဆီးနေခြင်း၊ (၇) Catch Certificate များကို ကြိုတင်လျှောက်ထားမှုနှင့် ကြိုတင်ထုတ်ပေးခြင်းများကို သက်ဆိုင်ရာဌာနမှ ပြန်လည် သုံးသပ်ရန် လိုအပ်ခြင်း။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါအချက်များသည် ကော်မတီမှ ကွင်းဆင်းစစ်ဆေးပါ၍ အနီးကပ်လက်တွေ့သိရှိရခြင်းဖြစ်ကြောင်းကို ကျွန်တော်တို့ ကိုယ်စားလှယ်များ အစီရင်ခံစာအရ ထပ်မံသိရှိကြရပါတယ်။ ကော်မတီအနေဖြင့် မနေ့တစ်နေ့ကမှ ကွင်းဆင်းစစ်ဆေးခဲ့ပြီးတော့ ပြန်လည်တင်ပြတာပါ။ ကိုယ့်နိုင်ငံ၏ ပင်လယ်ငါးသယံဇာတဝင်ငွေက အမေရိကန်ဒေါ်လာ သန်း(၆၀၀)၊ သန်း(၇၀၀)ပတ်လည်လောက်ပဲ ရပါတယ်။ ကျွန်တော်တို့ နိုင်ငံ၊ ကျွန်တော်တို့ပစ္စည်း အဓိကထားပြီး လုပ်ဆောင်နေကြတဲ့ နိုင်ငံက ကိုယ့်ထက်(၁၀)ဆဝင်ငွေ အမေရိကန်ဒေါ်လာ သန်း(၆၀၀၀)၊ (၇၀၀၀)ရနေတော့ ဆယ်စုနှစ်ချီ နိုင်ငံနစ်နာခဲ့ရတာ အားလုံး အသိပဲဖြစ်ပါလိမ့်မယ်။ နိုင်ငံ့ဦးခေါင်းပိုင်း၊ မြေပြင်အနေအထား၊ တခြားနိုင်ငံက ၂-၁-၂၀၁၅ ရက်နေ့က သစ်ခုတ် သစ်သယ်ကား (၄၃၆)စီး အပါအဝင် စုစုပေါင်း(၄၅၅)စီး ဖမ်းဆီးမိပြီးတော့ ဖမ်းမိတဲ့ လူဦးရေ(၁၄၀) လောက်မှာ မြန်မာနိုင်ငံသားအယောက်(၂၀)ပါဝင်ကြောင်း ဖမ်းမိတဲ့သတင်းကိုလည်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးအသိပဲ ဖြစ်ပါလိမ့်မယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ ဦးခေါင်းပိုင်းလည်း အနုတ်ခံရ၊ ယခု ကော်မတီ၏ တင်ပြစာအရ နိုင်ငံ့အမြီးပိုင်းလည်း အနုတ်ခံနေရပါပြီ။ ယနေ့ နောက်ဆုံးသတင်း သူများမလုပ်ချင်တဲ့ ပင်လယ်ငါးဖမ်းလုပ်သား (၆)သောင်းလောက်ပို့ဖို့ သက်ဆိုင်ရာ ဝန်ကြီးဌာနက MoU ထိုးဖို့ ဆောင်ရွက်နေပြီဆိုတော့ နိုင်ငံ၏ဝမ်းပိုက်ပါ ဖောက်အစားခံနေရပါပြီလို့ ကျွန်တော့် အနေနဲ့ တင်ပြလိုပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်ကျင်းပသည့် စတင်သည့် အချိန်ကစ၍ ယနေ့အထိ အဆိုတွေ ဖြစ်တဲ့ တိုင်းသူပြည်သားများ၊ နိုင်ငံသူ၊ နိုင်ငံသားများ၊ မိမိပစ္စည်းနှင့် မိမိပြန်ပြီး အကျိုးခံစားခွင့်ရရှိ စေဖို့ MICA ဖျက်သိမ်းဖို့ အဆိုမျိုး၊ မိုးထိမိုးမိ ရမည်းသင်းရွှေလုပ်ကွက်မှ နိုင်ငံတော် အခွန်ကြွေးကျန် ရရှိစေနိုင်တဲ့ ဆောင်ရွက်မှုမျိုး၊ မွေးမြူရေးလုပ်ငန်း အကြွေးကျန်များ ပြန်လည်ရရှိစေနိုင်သည့် ဆောင်ရွက်မှုမျိုး ယခုလည်းပဲ ပင်လယ်သယံဇာတမှ နိုင်ငံ့အတွက် ဝင်ငွေရရှိအောင် မဆောင်ရွက် နိုင်ကြလို့ ပြောရတာလည်း ဆွေးနွေးရတာလည်း အပ်ကြောင်းထပ်နေပါပြီ။ ဓာတ်ပြားဆို အပ်ကြောင်း ထပ်အောင် ဖွင့်ရလို့ ကွဲလောက်ပါတယ်။ နိုင်ငံတော်အတွက် သမာအာဇီဝနည်းနဲ့ ဝင်ငွေရနိုင်ဖို့ ဆွေးနွေးနေရခြင်း ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ၏ တနင်္သာရီတိုင်းဒေသကြီးသို့ ကွင်းဆင်းချက်စစ်ဆေးအစီရင်ခံစာအရ ဆောင်ရွက်စီမံမှု အပေါ်မှာ ငါးဖမ်းလှေများတွင် စောင့်ထိန်းကိရိယာ Vessel Monitoring System(VMS)စနစ်

တပ်ဆင်ဖို့ ငါးလေလံဈေး ငါးတင်ငါးချ ဆိပ်ကမ်းဆောင်ရွက်ဖို့ ဘယ်လောက်များ ခက်ခဲနေပါသလဲ။ မြန်မာ့ဆက်သွယ်ရေး MPT ကဆောင်ရွက်ခဲ့တဲ့ GSM လက်ကိုင်ဖုန်း ဆင်းကတ်တစ်ခု ကျပ်(၁၅)သိန်း၊ ကျပ်သိန်း(၃၀)အထိ ဖြစ်ခဲ့လို့ မြန်မာနိုင်ငံသားတစ်ဦးဖြစ်တဲ့ ရွှေပြည်တံခွန်ကုမ္ပဏီပိုင်ရှင် ဦးလွင်နိုင်ဦး က ငါးထောင်နဲ့ ဆင်းကတ်လုပ်ပေးနိုင်ပါတယ်ဆိုကာမှ Ooredoo တို့၊ Telenor တို့ ပေါ်လာလို့ ကျွန်တော့်နိုင်ငံဆက်သွယ်ရေး ဆင်းကတ်တစ်ခုကို (၁၅၀၀)ကျပ်နဲ့ သုံးစွဲနေရတာ အားလုံးအသိရှိပဲ ဖြစ်ပါတယ်။ (VMS) တပ်ဖို့ အဲဒီလောက်တောင် ခက်ခဲနေပါသလား။ မေးချင်ပါတယ်။ ငါးဖမ်းလှေများ လိုင်စင်သက်တမ်းတိုးခါနီးမှ သတင်းစာရှင်းလင်းပွဲလုပ်ကြ၊ ဟိုဌာန ဟိုလူ့လွှဲချ၊ ဘယ်သူက လုပ်ပေး မှာလဲ၊ ဘယ်သူက ဘယ်ဌာနက တာဝန်ယူ တာဝန်ခံဆောင်ရွက်မှာလဲ မတပ်ချင်၊ မလုပ်ချင်ကြလို့ ရှောင်လွှဲနေကြတာသိရလို့ တိုင်းပြည်အတွက် စိတ်မကောင်းဖြစ်ရပါတယ်။

သက်ဆိုင်ရာ ဝန်ကြီးဌာနက တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်မပေးတော့ သွားပြန်ပါပြီ (၁)နှစ်ဆိုရမလားပါပဲ။ ၁၄-၉-၂၀၁၈ ရက်နေ့က ယိုးဒယား၊ ထိုင်းနိုင်ငံသတင်းတစ်ခုမှာ ဖတ်လိုက် ရပါတယ်။ (VMS) မတပ်သေးသော ငါးဖမ်းလှေများ (IUU) ချိုးဖောက်ထားတဲ့ ဒရွက်ဆွဲလှေပေါင်း (၈၆၁)စီး ဖျက်ဆီးနေကြောင်း ပုံနှင့်တကွကျွန်တော်တို့ပါလာပါတယ်။ ကမ်းနီးကမ်းဝေး အစီးရေ ဘယ်လောက်မှန်းလည်းမသိ၊ Catch Certificate အရမ်းလည်းထုတ်ပေး သူများနိုင်ငံက တန်ချိန် ဘယ်လောက် ပို့နေမှန်းလည်းမသိ၊ ပိုက်စိတ်တိုက်ဖမ်း၊ ဒရွက်ဆွဲပိုက် ငါးဖမ်းလှေများ မဖမ်းဆီးသရွေ့၊ (VMS) မတပ်သရွေ့ ငါးတင်ငါးချဆိပ်ကမ်းကြီး အမြန်ဆုံး အကောင်အထည်မဖော်နိုင်သရွေ့ တိုင်းပြည် ဝင်ငွေက အမေရိကန်ဒေါ်လာ သန်း(၆၀၀)၊ အမေရိကန်ဒေါ်လာ သန်း(၇၀၀) ဒုံရင်းဒုံရင်းပဲ ဖြစ်မှာပါပဲ။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သဘာဝကိုအလေးမမူလျှင် သဘာဝက ပြန်ဒဏ် ခတ်ပါလိမ့်မယ်။ သဘာဝအရ ရရှိထားတဲ့ ဒေသခံပြည်သူများနဲ့ ဒေသခံတိုင်းဒေသကြီးအစိုးရ ကိုယ်စားလှယ်များ အသိချင်းဖလှယ်ပြီးတော့ ပူးပေါင်းဆောင်ရွက်ကြဖို့လည်း ကော်မတီအစီရင်ခံစာ ဆွေးနွေးရင်း တိုက်တွန်းလိုပါတယ်။ နိဂုံးချုပ်အနေဖြင့် ကော်မတီ၏ အစီရင်ခံစာသည် ပြည့်စုံ သလောက်ရှိပါတယ်။ နောက်နောင်လည်း လက်တွေ့ကျကျ ဆက်လက်ကွင်းဆင်းစိစစ် ဆောင်ရွက်ပေး ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အကြံပြုဆွေးနွေးလိုပါတယ်။ အစီရင်ခံစာ၏အတိုင်း မဆောင် ရွက်နိုင်သည့် ဝန်ကြီးဌာနများကို ဒီထက်မက သာသာထိုးထိုး တိုးလို့ဆောင်ရွက်စေမည့် နည်းလမ်း များဖြင့် ရှာဖွေထိန်းကျောင်းပေးနိုင်ပါရန် မေတ္တာရပ်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၂း၂၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၂၅။**

**ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

ဦးခင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ၏ ၈-၅-၂၀၁၈ ရက်နေ့မှ ၁၇-၅-၂၀၁၈ ရက်နေ့အထိ တနင်္သာရီတိုင်းဒေသကြီး၌ ကွင်းဆင်း စစ်ဆေးခဲ့သော အပိုင်းအား ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစီရင်ခံစာကို လေ့လာခြင်းဖြင့် ကော်မတီသည် ထဲထဲဝင်ဝင် လေ့လာစိစစ်ခဲ့တယ်ဆိုတာ တွေ့မြင်ရမှာ ဖြစ်သလို မတိမ်းမစောင်းဘဲ အစီရင်ခံစာတင်ပြခဲ့တာကိုလည်း တွေ့ရှိရတဲ့အတွက် လွှတ်တော်ကဏ္ဍအနေဖြင့် ဂုဏ်ယူစရာတစ်ရပ်ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ နိုင်ငံ နိုင်ငံအနေဖြင့် ရေလုပ်ငန်းနယ်ပယ်မှာ အဓိကဆုံးရှုံးနေတာ (၃)ခုရှိပါတယ်။ (၁) MSI ပမာဏထက် ပင်လယ်ရေထွက်သယံဇာတများ ပမာဏများစွာ အထိန်းအကွပ်မဲ့ အလွန်အကျွံ ဖမ်းဆီးနေခြင်းကြောင့် သယံဇာတများဆုံးရှုံးနေခြင်း။ (၂) ရေထွက်သယံဇာတများ တရားမဝင်တင်ပို့နေမှုကြောင့် နိုင်ငံအကျိုး စီးပွားများ နစ်နာဆုံးရှုံးနေခြင်း။ (၃) ဒီရေတောနှင့် ပင်လယ်ကြမ်းပြင်ရှိ သန္တာကျောက်တန်းများ အပါအဝင် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုများနှင့် ကြုံတွေ့နေရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ဒီလို နစ်နာ ဆုံးရှုံးနေရသော်လည်း တခြားနိုင်ငံများနှင့် ရေထွက်ပစ္စည်း တင်ပို့မှုရငွေအား နှိုင်းယှဉ်ကြည့်မည် ဆိုလျှင် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ထိုင်းနိုင်ငံမှာ အမေရိကန်ဒေါ်လာသန်း (၇၅၀၀)ရရှိပြီး ဗီယက်နမ် နိုင်ငံမှာ အမေရိကန်ဒေါ်လာ သန်း(၇၁၀၀)ရရှိပါတယ်။ မြန်မာနိုင်ငံကတော့ အမေရိကန်ဒေါ်လာ (၆၀၅.၈)သန်းသာ ရရှိပါတယ်။ ဒါတွေဟာ ဘာကြောင့်ဖြစ်နေသလဲဆိုတော့ (၁) ကမ်းနီးကမ်းဝေး ငါးဖမ်းရေယာဉ်များဟာ စည်းကမ်းလိုက်နာမှုမရှိဘဲ ငါးသယံဇာတတွေကို ဖမ်းဆီးခြင်း၊ ငါးဖမ်းစက် လှေများ ပုံစံတူ နံပါတ်တူများ ပွားများ၍ ဖမ်းဆီးခြင်း၊ (၂) ပြည်ပနိုင်ငံများမှာလည်း တရားမဝင် ဝင်ရောက် ငါးခိုးဖမ်းမှုများရှိနေခြင်း၊ (၃) ငါးသယ်ယာဉ်များ ပြည်ပသို့ တရားမဝင် ရေထွက်ပစ္စည်းများ တင်ပို့ ခြင်းကြောင့်ဖြစ်သလို တစ်ဖက်မှာ အပြန်တွင်လည်း ဘိလပ်မြေ၊ အိမ်ဆောက်ပစ္စည်း၊ အရက်နဲ့ အခြားပစ္စည်းမျိုးစုံ ပြန်လည်တင်သွင်းရာ၌ ရသင့်ရထိုက်သော အခွန်အခများ အမှန်တကယ် မရရှိခြင်း များဖြစ်နေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတွင် ငါးဖမ်းလုပ်ငန်းနှင့်ပတ်သက်၍ ထိခိုက်နစ်နာဆုံးရှုံးမှု များကို တားဆီးနိုင်ရန်အတွက် ငါးဖမ်းစက်လှေများမှာ VMS စနစ်တပ်ဆင်ပေးပြီး တစ်နေရာထဲမှာ ထိန်းချုပ်နိုင်ရေးအတွက် ဆောင်ရွက်ရမှာဖြစ်သလို ငါးလေလံဈေး၊ ငါးတင်ငါးချ ဆိပ်ကမ်းများ စနစ်တကျ စည်းကမ်းနှင့်အညီ လည်ပတ်နိုင်ရေးဖြစ်ပါတယ်။ ကော်မတီ၏ အစီရင်ခံစာအရ MIC ၏ ၂၉-၉-၂၀၀၀ ရက်စွဲဖြင့် ခွင့်ပြုမိန့် (၃၄၈/၂၀၀၀) ဖြင့် ငါးလုပ်ငန်းဦးစီးဌာန ပြင်သစ်နိုင်ငံ Setraco International Co.,Ltd မြန်မာနိုင်ငံသားပိုင် M.O.E ကုမ္ပဏီနဲ့ပူးပေါင်းပြီး အများနဲ့မသက်ဆိုင်သော ဖက်စပ်ကုမ္ပဏီအဖြစ် အမေရိကန်ဒေါ်လာသန်း(၇၀) ရင်းနှီးမြှုပ်နှံရန် တရားဝင်ခွင့်ပြုရရှိထားသော လုပ်ငန်း ဘာကြောင့် ဆက်ပြီးအကောင်အထည်မဖော်နိုင်တာလဲ ကော်မတီက အပြည့်အစုံ အစီရင်ခံထားတာကို လွှတ်တော်ကိုယ်စားလှယ်များ အားလုံးသိပြီး ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော် ပြောလို၊ ဆွေးနွေးလိုတာက တရားဥပဒေနဲ့အညီ ငါးတင်ငါးချ၊ ငါးလေလံဈေး အပြိုင်အဆိုင် လုပ်ကြ စမ်းပါ။

ကျွန်တော်တို့နိုင်ငံ ဒီမိုကရေစီနည်းနဲ့ လွတ်လပ်သော ဈေးကွက်စီးပွားရေး စနစ်ကို သွားနေ တာပါ။ နိုင်ငံပိုင်လုပ်လို့ အရှုံးပေါ်နေတဲ့ စက်ရုံတွေ၊ အလုပ်ရုံတွေ လက်တွေ့ပါ။ ငါးလုပ်ငန်းဦးစီးဌာန

အနေနဲ့ ဖွင့်ဖောက်စစ်ဆေးသဖြင့် ပေါင်(၃၀၀)ရေခဲတုံး (၃၀၀)(၄၀၀)လိုတာ၊ စစ်ဆေးရန် နေရာ အခက်အခဲရှိတာ၊ Jetty ပေါ်တွင် အလုပ်သမားအခက်အခဲရှိတာ၊ ဖွင့်ဖောက်စစ်ဆေးရန် (၅)နာရီမှ (၇)နာရီ ကြာတာတွေဆိုတာ မလုပ်ပါနဲ့တော့၊ မတွေးပါနဲ့တော့။ စီးပွားရေးလုပ်တာ သူတို့အကျိုးစီးပွား အတွက် လုပ်ကြမှာပါ။ ကျွန်တော်တို့က မှန်မှန်ကန်ကန် တရားဥပဒေနှင့်အညီ အခွန်ဘဏ္ဍာ ဘယ်လောက်တိုးရနိုင်သလဲ ကြည့်နေဖို့ပါ။ တစ်ဖက်နိုင်ငံမှာ ငါးရော၊ အလုပ်သမားရောက ကျွန်တော်တို့ ဟာတွေ ချည်းပါပဲ။ ကျွန်တော်တို့ လူတွေ၊ ကျွန်တော်တို့ ငါးတွေချည်းပါပဲ။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် အမှီခိုကင်းမဲ့သော နိုင်ငံတော်ပိုင် အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေး၊ ငါးတင်ငါးချဈေးတစ်ခု တည်ဆောက်ရန် မစဉ်းစားကြပါနဲ့တော့လို့ အကြံပြုရင်း ကော်မတီ၏ သုံးသပ်ချက်များကို လိုက်နာ အကောင်အထည်ဖော်ပြီး စိတ်ရင်းမှန်ဖြင့် နိုင်ငံ့အကျိုးသယ်ပိုးကြပါရန် သက်ဆိုင်သူအားလုံးကို ကော်မတီအနေဖြင့် စောင့်ကြည့်လေ့လာ ထပ်မံတိုက်တွန်းပေးပါရန် အကြံပြုရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၃၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၃၀။**

**ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော်ဟိန်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အစီရင်ခံစာအရ ရေလုပ်ငန်းစီးပွားရေး လည်ပတ်မှုတစ်ခုလုံး ထိခိုက်နစ်နာနေမှု၊ သယံဇာတပစ္စည်း ဆုံးရှုံးနေမှု၊ နိုင်ငံတော်မှ အခွန်ဘဏ္ဍာထိခိုက်နစ်နာနေမှု ယင်းကဲ့သို့သော အခက်အခဲများကို ဖြေရှင်းရန် ငါးဈေးကွက်တစ်ခု ပေါ်ပေါက်ရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ သန်း (၂၀) ခွင့်ပြုချက်ကို ဆောလျင်စွာရရှိရေးကို အကြံပြုထားတာ တွေ့ရပါတယ်။

နိုင်ငံတကာမှ ပညာရှင်များရဲ့ အစီရင်ခံစာအရ မြန်မာ့ရေသယံဇာတ ရှားပါးမှုကြောင့် နောင်အခါမှာ ပင်လယ်ပြင်ရဲ့ တရားဥပဒေစိုးမိုးရေး ကင်းမဲ့ပြီးတော့ ရေသယံဇာတကြောင့် ရေလုပ်သားတွေ တစ်ဦးနဲ့တစ်ဦး တိုက်ခိုက်ပြီးတော့မှ သွေးထွက်သံယိုမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း သုံးသပ်ထားတာ တွေ့ရှိရပါတယ်။ အမှန်တကယ် လက်တွေ့အခြေအနေမှာလည်းပဲ မြန်မာ့ပင်လယ် ပြင်ရဲ့ အခြေအနေဟာ တရားဥပဒေစိုးမိုးမှု ကင်းမဲ့နေပြီးတော့ ဒီလိုအခြေအနေတွေ ဖြစ်နေပါပြီ။ ရေသယံဇာတကြောင့် စည်းကမ်းမဲ့ ကမ်းဝေးငါးဖမ်းလှေကြီးတွေဟာ ကမ်းနီးငါးဖမ်းလှေများကို တိုက်မြှုပ်ခြင်းများကို ပြုလုပ်နေကြပြီးတော့ ကမ်းနီးရေလုပ်သားများစွာဟာ ဒုက္ခရောက်နေကြပြီးတော့ ပင်လယ်ပြင်ကြီးဟာလည်းပဲ ကြီးနိုင်ငယ်ညှဉ်း စီးပွားရေးလက်ဝါးကြီးအုပ်စနစ်များ ဖြစ်ပေါ်နေကြောင်း ဒေသခံပြည်သူများရဲ့ တင်ပြချက်အရ သိရပါတယ်။ ကမ်းဝေးလှေအများစုဟာ လူနည်းစုမှ တစ်နိုင်ငံလုံး

လက်ဝါးကြီးအုပ် လုပ်ကိုင်နေခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်နေတဲ့အတွက်ကြောင့် ကမ်းဝေးလိုင်စင်ဦးရေကို လျှော့ချသင့်ကြောင်း တင်ပြအပ်ပါတယ်။ ဒီလိုလက်ဝါးကြီးအုပ် သယံဇာတ ဖြုန်းတီးနေမှုကို လျှော့ချဖို့အတွက် ကမ်းဝေးလှေများကို VMS စနစ် အမြန်ဆုံး တပ်ဆင်ဖို့ လိုအပ်ပြီး တော့ စည်းကမ်းမဲ့ သယံဇာတထိန်းသိမ်းရေးကို ကျေးရွာလူထုအခြေပြုအဖွဲ့ ဖွဲ့စည်းပြီး တော့မှ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီးတော့ တားဆီးပါက ပိုမိုထိရောက်နိုင်ကြောင်း အစီရင်ခံစာ တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ပကို တင်ပို့နေတဲ့ ငါးသယ်လှေဟာ တစ်စီး လုံး ဖွင့်ဖောက်ပါက (၅)နာရီမှ (၇)နာရီ ကြာမြင့်တဲ့အတွက်ကြောင့် ရေထွက်ပစ္စည်း အရည်အသွေး ကျနိုင်ကြောင်းကို တနင်္သာရီတိုင်းဒေသကြီး၊ ငါးလုပ်ငန်းဦးစီးဌာနမှ အကြံပြုထားတာကို အစီရင်ခံစာ အရ တွေ့ရှိရပါတယ်။ ဒီနေရာမှာ တင်ပြလိုတာက ကမ်းဝေးငါးဖမ်းလှေကြီးများဟာ ပင်လယ်ပြင် တစ်ခါထွက်လျှင် ရက်ပေါင်း(၄၅)ရက်မှ ရက်(၆၀)အထိ ကြာပါတယ်။ နာရီပေါင်း(၁၀၈၀)နဲ့ နာရီပေါင်း (၁၄၄၀) စသည်ဖြင့် ကြာပါတယ်။ ပင်လယ်ပြင်မှာ ဒီလောက်ဖမ်းပြီးတော့မှ နိုင်ငံတော်ရဲ့ အခွန်အခ အမှန်အကန် ရရှိစေဖို့အတွက် အစစ်ဆေးမခံနိုင်ဘူး၊ အရည်အသွေး လျော့ကျသွားမယ်ဆိုတာကိုတော့ စဉ်းစားစရာ ဖြစ်ပါတယ်။ မည်သည့်လုပ်ငန်းရှင်ကမှလည်း ဖြစ်နိုင်ရင် အစစ်ဆေးမခံလိုကြပါဘူး။ ဖြစ်နိုင်ရင် မစစ်လေကောင်းလေဘဲဖြစ်ပါတယ်။ တကယ်တမ်း နိုင်ငံတော်မှ ရသင့်ရထိုက်တဲ့ အခွန်အခ ရအောင် စစ်ဆေးရမှာက သက်ဆိုင်ရာဌာနရဲ့ တာဝန်ပဲဖြစ်ပါတယ်။ လက်တွေ့မှာ ပုစွန်တစ်ကီလိုကို တစ်ဒေါ်လာကျော်ကျော်လေးလောက်နဲ့ပြပြီးတော့ ပြည်ပကို သယ်ယူနေတဲ့အတွက်ကြောင့် မြိတ်ဒေသ တစ်ခုထဲမှ ရေထွက်ပစ္စည်းပို့ကုန်ဟာ နိုင်ငံတော်ဘဏ္ဍာငွေ တစ်နှစ်ကို အနည်းဆုံး ဘီလီယံကျပ်(၃၀) နစ်နာပါတယ်။ နိုင်ငံတော်မှ ရသင့်ရထိုက်တဲ့ အခွန်အခတွေကို လျှော့ပြပြီးတော့ ဒါကို အခွင့်ကောင်း ယူပြီးတော့ လုပ်ငန်းရှင်နဲ့ သက်ဆိုင်ရာဌာနတွေကြားမှာ အဂတိတွေ ဖြစ်ပေါ်နေပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အစီရင်ခံစာရဲ့ ဖော်ပြ ချက်အရ အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးမှာ ငါးဖမ်းရေယာဉ်များအတွက် လိုအပ်တဲ့ ရိက္ခာတွေ၊ ရေခဲတွေ၊ စက်သုံးဆီတွေ ဖြည့်ဆည်းမပေးနိုင်ဘူးလို့ ဖော်ပြထားပြီးတော့ ရေထွက်ထုတ်ကုန်မှာ ထိန်းသိမ်းဖို့အတွက် တန်(၄၀၀)အအေးခန်း စက်ရုံ တစ်ရုံသာရှိတယ်လို့ ဖော်ပြထားပါတယ်။ အမှန် တကယ်မှာ အပြည်ပြည်ဆိုင်ရာ ငါးဈေးကွက်တစ်ခု ပေါ်ပေါက်ဖို့အတွက် မြိတ်ဒေသမှာ အခြေခံ ကောင်းတွေ အများကြီးရှိပါတယ်။ ရေသယံဇာတ အဓိကထွက်တဲ့ ပင်ရင်းမြို့နယ်တစ်ခု ဖြစ်ပါတယ်။ တန်(၁၀၀)နဲ့အထက် ရေခဲစက်ရုံ (၂၅)ရုံ ရှိပါတယ်။ ငါးမှုန့်ကြိတ်စက်ရုံနဲ့ ငါးလုပ်ငန်း အတွေ့အကြုံ ရှိတဲ့ လုပ်သားတွေလည်း အင်မတန်ပေါပါတယ်။ ငါးဖမ်းလှေတွေ အသုံးပြုဖို့အတွက် ဒီဇယ်ဆီ လုံလောက်စွာ ဝယ်လို့ရပါတယ်။ ငါးဈေးကွက် ခင်းဖို့အတွက် နေရာအဆင်သင့်နဲ့ ဥပဒေနဲ့ ညီညွတ်တဲ့ လုပ်ထားတဲ့ တံတားတွေ အဆင်သင့် စတဲ့အားသာချက်တွေ များစွာရှိပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ MFIJV ကုမ္ပဏီကနေပြီး တော့ အပြည်ပြည်ဆိုင်ရာ ငါးဈေးကွက်တစ်ခုကို အကောင်အထည်ဖော်ပေးဖို့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံ ငွေ အမေရိကန်ဒေါ်လာသန်း(၂၀)ကို ထပ်တိုးရင်းနှီးမြှုပ်နှံခွင့်ရရှိရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ ခွင့်ပြုချက်ရဖို့ စောင့်နေတာ (၂)နှစ်ကျော်ပြီဖြစ်

ကြောင်း သိရပါတယ်။ ငါးဈေးကွက် ပေါ်ပေါက်ဖို့နဲ့ ရေလုပ်သားတွေဟာ ဆင်းရဲမွဲတေမှု လျော့ကျစေဖို့၊ နိုင်ငံတော်မှ အခွန်အခ တိကျမှန်ကန်စွာ ရရှိစေဖို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ နိုင်ငံတော်မှာထားရှိတဲ့ စေတနာအပေါ်မှာ မူတည်နေကြောင်း တင်ပြအပ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာဟာ ကတိဖြစ်ပေါ်ခဲ့တဲ့ ဒေသများကို သွားရောက်ပြီးတော့ အသေးစိတ်ဆောင်ရွက်ခဲ့နိုင်ခြင်း ဖြစ်တဲ့အတွက် ကောင်းမွန်တဲ့ အစီရင်ခံစာဖြစ်တဲ့အတွက်ကြောင့် ဒေသခံပြည်သူများအတွက် ကျေးဇူးတင်ကြောင်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၃၆။**

**ဥက္ကဋ္ဌ**။ ။ ဆွေးနွေးချက်များနဲ့ စပ်လျဉ်းပြီး အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက ပြန်လည်ရှင်းလင်း ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၃၆။**

**ဦးသိမ်းဆွေ (ဥက္ကဋ္ဌ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ)**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသိမ်းဆွေ ဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်၊ အဋ္ဌမ ပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှ တင်သွင်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် ၈-၅-၂၀၁၈ ရက်နေ့မှ ၁၇-၅-၂၀၁၈ ရက်နေ့အထိ တနင်္သာရီတိုင်းဒေသကြီးသို့လည်းကောင်း၊ ၆-၇-၂၀၁၈ ရက်နေ့မှ ၁၁-၇-၂၀၁၈ ရက်နေ့အထိ ကယားပြည်နယ်သို့လည်းကောင်း ကွင်းဆင်းစိစစ်ခဲ့ခြင်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ၁၂-၉-၂၀၁၈ ရက်နေ့တွင် ကော်မတီ၏ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးသိမ်းဆွေ နှင့် အဖွဲ့ဝင် ဦးဖြေရယ်တို့မှ အပိုင်း(၂)ပိုင်းခွဲ၍ လွှတ်တော်သို့ အစီရင်ခံစာ ဖတ်ကြားတင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။

ဒီ အစီရင်ခံစာနဲ့ ပတ်သက်ပြီးတော့ ဒီကနေ့ ဆွေးနွေးသွားကြတဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစန်းမောင်မောင်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်း တို့က ထောက်ခံအကြံပြု သုံးသပ်ဆွေးနွေးတင်ပြခဲ့ကြပြီး ဖြစ်ပါတယ်။ ဆွေးနွေးခဲ့ကြတဲ့ ကိုယ်စားလှယ်ကြီးများ အားလုံးကို ကျေးဇူးတင်ရှိရပါကြောင်း ပြောကြားလိုပါတယ်။ ကိုယ်စားလှယ်တော်ကြီးများရဲ့ ဆွေးနွေးအကြံပြုချက်များကို ကော်မတီက မှတ်တမ်းတင်ထားရှိပြီးတော့ ကော်မတီရဲ့ အစည်းအဝေးတွေမှာ အားနည်းချက်မရှိအောင် လွှတ်တော်နဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ တာဝန်ဖြစ်တဲ့ ဒီမိုကရေစီ ရှင်သန်အမြစ်တွယ်ရေး မဏ္ဍိုင်(၃)ရပ်ဖြစ်တဲ့ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေး

မဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့ အပြန်အလှန်ထိန်းညှိမှု အားကောင်းစေဖို့အတွက် လွှတ်တော်ရဲ့ တာဝန်တစ်ရပ်ဖြစ်တဲ့ Over Side အလုပ်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ဖို့ ကော်မတီဝင်တွေအနေနဲ့ ကြိုးစားဆောင်ရွက်နေကြပါတယ်။

ဒုတိယပုံမှန်အစည်းအဝေးမှ ယခု နဝမပုံမှန်အစည်းအဝေးအထိ ကော်မတီရဲ့ အစီရင်ခံစာများကို ပျက်ကွက်မှုမရှိ လွှတ်တော်သို့ အစီရင်ခံစာ တင်သွင်းနိုင်အောင်လည်း ကွင်းဆင်းစိစစ်ဆောင်ရွက်ရာမှာ ထိရောက်တဲ့ ညှိနှိုင်းဖြေရှင်းခဲ့မှုများကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်မှတ်မိသလောက်ဆိုရင်တော့ ကျွန်တော်တို့ သွားခဲ့တဲ့ ခရီးစဉ်တွေထဲကနေပြီးတော့ ပဲခူးတိုင်းဒေသကြီးမှာဆိုရင် လမ်းကြံ့ခိုင်မှုတွေ စိစစ်တဲ့အခါမှာ ကျေးရွာသူ၊ ကျေးရွာသားတွေ၊ လမ်းကော်မတီဝင်တွေ တင်ပြတဲ့ လမ်းပခုံးသားတွေ ဆောင်ရွက်ပေးဖို့ကိစ္စတွေမှာ ကျွန်တော်တို့ ညှိနှိုင်းပေးခဲ့တယ်။ ကယားပြည်နယ်မှာ အားကစားကွင်းရဲ့ မြေထိန်းနံရံတည်ဆောက်မှုဟာ မတ်စောက်နေတဲ့အတွက် အချိန်အနည်းငယ်အတွင်းမှာ ပြိုကျသွားနိုင်တယ်။ ဒါကြောင့်မို့လို့ ဒါတွေကို မတ်စောက်တဲ့ အနေအထားကနေ ဆင်ခြေလျှောဖြစ်အောင်လို့ ကျွန်တော်တို့ ရေရှည်ကြံ့ခိုင်မှုရှိစေဖို့ မြေထိန်းနံရံကို ဖြေလျှော့ပြီးတော့ ဆောင်ရွက်ပေးဖို့ ညှိနှိုင်းပေးခဲ့တယ်။ နောက် ရဲစခန်း၊ အချုပ်ခန်း တည်ဆောက်မှုတွေမှာလည်း ကြံ့ခိုင်မှုတွေ အားနည်းနေတဲ့အတွက် ကြံ့ခိုင်စေဖို့ တချို့နေရာတွေမှာ သံတိုင်တွေထည့်ပြီး ကာရံဖို့၊ ရေဆင်းကောင်းဖို့ စတဲ့ ကျွန်တော်တို့ အချက်အလက်တွေကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ပြီးတော့ ယခုအခါမှာ ဆောင်ရွက်ပြီးစီးကြောင်း ကျွန်တော်တို့ ကော်မတီထံကို သက်ဆိုင်ရာတာဝန်ရှိသူများမှ တင်ပြညှိနှိုင်းပေါင်းစပ်ပြီး ဖြစ်ပါတယ်။ ဒါ မှတ်မိသလောက် ကျွန်တော်တို့အနေနဲ့ တင်ပြတာပါ။ ညှိနှိုင်းပေါင်းစပ် အောင်မြင်မှုတွေလည်း ကျွန်တော်တို့ များစွာရှိခဲ့ပါတယ်။

ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဆွေးနွေးခဲ့ကြတဲ့အထဲမှာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် ဆွေးနွေးအကြံပြုသွားတဲ့အထဲမှာ ကျွန်တော်တို့ ဒီကြယ်ပွင့်ပြမေးခွန်း (၄၅၉)ခုမှာက ပထမပုံမှန်အစည်းအဝေးမှ သတ္တမပုံမှန်အစည်းအဝေးအထိကို ကြယ်ပွင့်ပြမေးခွန်း (၄၅၉)မှာ ဆောင်ရွက်ပေးပြီးစီးတာက (၈၀)ခုဖြစ်ပါတယ်။ ကြယ်ပွင့်မပြမေးခွန်း(၄၁၆)ခုမှာ ဆောင်ရွက်ပေးပြီးစီးတာ (၆၃)ခုဖြစ်ပါတယ်။ အဆို(၈)ခုမှာ ဆောင်ရွက်ပြီးတာ(၁)ခု ဖြစ်ပါတယ်။ ဒါတကယ်တမ်းကြည့်ရင်တော့ ကျွန်တော်တို့ ပထမပုံမှန်ကနေ သတ္တမပုံမှန်အထိဆိုရင် ကတိဖြစ်ပေါ်တဲ့ မေးခွန်းတွေအနေနဲ့ ဆောင်ရွက်ပြီးစီးတာက အင်မတန်နည်းနေတာကိုလည်း တွေ့ရပါတယ်။ ဒါကလည်း တကယ်တမ်းကတော့ ၂၀၁၅ ခုနှစ်ကနေ ၂၀၁၈ ခုနှစ်အထိ မေးခွန်းများထဲက ကျွန်တော်တို့ ပြီးစီးတာ ဆောင်ရွက်ပြီးစီးတာ ဖြစ်ပါတယ်။ ဒါပေမဲ့ ကတိဖြစ်ပေါ်တဲ့ မေးခွန်းတွေထဲမှာ ကျွန်တော်တို့ ပထမပုံမှန်ကနေ သတ္တမပုံမှန်အထိ ကတိဖြစ်ပေါ်ခဲ့တဲ့ မေးခွန်းတွေအထဲမှာ ၂၀၁၈ - ၂၀၁၉ ခုနှစ်မှာမှ ဆောင်ရွက်မှာတွေလည်း ရှိပါတယ်။ ၂၀၁၉ - ၂၀၂၀ ခုနှစ်မှာမှ ဆောင်ရွက်မယ့် လုပ်ငန်းတွေကလည်းရှိပါတယ်။ အဲဒီလို ဆောင်ရွက်မယ့် လုပ်ငန်းတွေက များပြားနေတဲ့အတွက်လည်း ကတိဖြစ်ပေါ်မှုတွေကို မဆောင်ရွက်နိုင်သေးတာ ဖြစ်ပါတယ်။ ကျန်နေသေးတာ ဖြစ်ပါတယ်။ ဆောင်ရွက်ဆဲ ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ဆောင်ရွက်ဖို့ ကတိပေးထားတဲ့ ကတိကဝတ်တွေထဲကဆိုရင် အခုပြီးမြောက်မှုအရဆိုရင်တော့ လုပ်ငန်းတစ်ဝက်ခန့်ကို ပြီးစီးသွားပြီ ဖြစ်ပါတယ်။

နောက်ဆက်လက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဖြစ်ကြတဲ့ ဒေါက်တာစန်းမောင်မောင်၊ ဦးခင်မျိုးဝင်း၊ ဒေါက်တာခွန်ဝင်းသောင်း၊ ဦးလှဆန်း၊ ဦးခင်ဝင်း တို့ကတော့ ကျွန်တော်တို့ ဦးခင်မျိုးဝင်း ရဲ့ အဆိုဖြစ်တဲ့ ငါးလေလံဈေးနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးသုံးသပ်အကြံပြုသွားတာကို ကျွန်တော်တို့ နားထောင်ရပါတယ်။ ဦးခင်မျိုးဝင်း အဆိုနဲ့ ပတ်သက်လို့လည်း ကော်မတီအနေနဲ့ မြေပြင်ကွင်းဆင်းပြီးတော့ စိစစ်ခဲ့တာတွေ၊ ဒေသအကျိုး၊ နိုင်ငံတော်အကျိုးအတွက် အစီရင်ခံစာကို ကော်မတီဝင်တွေ ကြိုးစားရေးသား စိစစ်ပြီးတော့ သုံးသပ်ချက်၊ အကြံပြုချက်များနဲ့ လွှတ်တော်ကို အစီရင်ခံတင်ပြပြီးလည်း ဖြစ်ပါတယ်။ အချိန်ကို ငဲ့ညှာတဲ့အနေနဲ့ ဆွေးနွေးခဲ့ကြတဲ့ ကိုယ်စားလှယ်တော်ကြီးတွေရဲ့ ဆွေးနွေးချက်များကို တစ်ခုချင်းအနေနဲ့ ပြန်လည်ပြီးတော့ မဆွေးနွေးလိုတော့ပါဘူး။ ဒါပေမဲ့ အစီရင်ခံစာမှာတော့ ပြည့်စုံလုံလောက်အောင်တော့ တော်တော်များများ ကြိုးစားပြီးတော့ ကော်မတီဝင်တွေဟာ ရေးသားတင်ပြခဲ့ပါတယ်။ အစီရင်ခံခဲ့ပါတယ်။

နောက်တစ်ခုကလည်း ဆက်လက်ပြီးတော့လည်း ဒီအဆိုကို ကတိကဝတ်အဖြစ် ဆက်လက်ထားရှိမှာ ဖြစ်ပါတယ်။ ဆက်လက်ထားရှိပြီးတော့ တာဝန်ရှိသူများနဲ့ ညှိနှိုင်းပေါင်းစပ်ပေးမှာ ဖြစ်ပါတယ်။ ဆွေးနွေးခဲ့ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများကိုလည်း ကျွန်တော်တို့ ကျေးဇူးတင်ပါတယ်။ နောင် အစီရင်ခံစာတွေမှာလည်း ကော်မတီရဲ့ အားနည်းချက်တွေ၊ လုပ်နည်း လုပ်ဟန်ပြောင်းလဲစေချင်တာတွေ၊ ကော်မတီရဲ့ တာဝန်တွေထဲကနေ ထိန်းညှိကြပ်မတ်နိုင်ဖို့အတွက် နည်းလမ်းကောင်းတွေကို ပွင့်ပွင့်လင်းလင်းဆွေးနွေးခြင်းဖြင့် လွှတ်တော်ရဲ့ ထိန်းညှိနိုင်မှု ဂုဏ်အင်္ဂါကို ပိုမိုတောက်ပြောင်စေချင်ပါတယ်။ ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်ဆိုတဲ့ ဆောင်ပုဒ်အရ ပြည်သူတွေရဲ့ အသံ၊ ပြည်သူတွေရဲ့ ဆန္ဒ၊ ပြည်သူတွေရဲ့ မျှော်လင့်ချက်ကို လွှတ်တော်က ဆောင်ရွက်ပေးနိုင်ဖို့ ကြိုးစားရမှာ ဖြစ်ပါတယ်။

မေးခွန်းရှင်၊ အဆိုရှင်၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ယူ၊ တာဝန်ခံ ဖြေကြားပေးနိုင်မယ့် တာဝန်ရှိ ပုဂ္ဂိုလ်များနဲ့လည်း ကော်မတီရုံးခန်းမှာ တွေ့ဆုံစေပြီးတော့ ကတိကဝတ် စာရင်းကနေပြီးတော့ ပယ်ဖျက်ဖို့၊ ပယ်ဖျက်ခြင်း၊ ကတိဖြစ်ပေါ်တဲ့ ဆောင်ရွက်ဆဲလုပ်ငန်းတွေမှာလည်း အားနည်းချက်တွေရှိရင် အပြန်အလှန်ထိန်းညှိ ဆွေးနွေးနိုင်ဖို့အတွက် ရည်ရွယ်ပြီးတော့ နောင်လာမယ့် ပုံမှန်အစည်းအဝေးတွေမှာလည်း တွေ့ဆုံနိုင်ရေးအတွက်ကို ဆက်လက် စီစဥ်ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

**အချိန်၊ ၁၂း၄၃။**

**ဥက္ကဋ္ဌ။**　　။ အစီအစဥ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့်

အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၄၄။**

**ဦးသိမ်းဆွေ (ဥက္ကဋ္ဌ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက် များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်၊ အဋ္ဌမပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှ တင်သွင်းမေးမြန်းခဲ့သည့် မေးခွန်းများနှင့် ၈-၅-၂၀၁၈ ရက်နေ့မှ ၁၇-၅-၂၀၁၈ ရက်နေ့အထိ တနင်္သာရီတိုင်းဒေသကြီးသို့ လည်းကောင်း၊ ၆-၇-၂၀၁၈ ရက်နေ့မှ ၁၁-၇-၂၀၁၈ ရက်နေ့အထိ ကယားပြည်နယ်သို့လည်းကောင်း ကွင်းဆင်းစိစစ်ခဲ့ခြင်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်မှ သဘောတူလက်ခံ ပေးပါရန် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးသိမ်းဆွေ မှ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**အချိန်၊ ၁၂း၄၅။**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူပါမယ်။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက် များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူတဲ့သူ မရှိပါ]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိ များနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

**အချိန်၊ ၁၂း၄၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့မှ စတင်ကျင်းပခဲ့တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမ

ပုံမှန်အစည်းအဝေးဟာဆိုရင် ဒီကနေ့မှာ ပြီးဆုံးမှာ ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့မှ စက်တင်ဘာလ ၁၈ ရက်နေ့အထိ အစည်းအဝေး ကျင်းပရက်(၁၉)ရက်အတွင်း အမျိုးသားလွှတ်တော်ရဲ့ ဆောင်ရွက်ချက်များအနေနဲ့ -

**မေးခွန်းမေးမြန်းခြင်းကဏ္ဍမှာ -**

လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူလူထုရဲ့ အကျိုးအလို့ငှာ အမျိုးသားလွှတ်တော်သို့ ကြယ်ပွင့်ပြမေးခွန်း (၈၇)ခုနဲ့ ကြယ်ပွင့်မပြမေးခွန်း (၁၅၄)ခု တို့ကို မေးမြန်းခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်းများအပေါ် ပြည်ထောင်စုအစိုးရ အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များက လွှတ်တော်တွင် နှုတ်ဖြင့် ဖြေကြားခြင်း၊ စာဖြင့် ပေးပို့ဖြေကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

**အဆိုတင်သွင်းခြင်း ကဏ္ဍမှာ -**

ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ မြန်မာနိုင်ငံတွင် လယ်ယာဥယျာဉ်ခြံမြေများကို စည်းကမ်းမဲ့စွာ အကွက်ဖော် ရောင်းစားနေကြခြင်းတို့ကြောင့် စိုက်ပျိုးမြေများ အလျင်အမြန် လျော့နည်းလာခြင်း၊ မြို့ပေါ်နှင့် ကျေးရွာများတွင် နောင်တစ်ချိန် လိုအပ်ပါက အသုံးပြုနိုင်ရန် ချန်လှပ်ထားသော မြေလွတ်များ ပျောက်ဆုံးကုန်ခြင်း စသည်တို့နှင့် အဓိကသက်ဆိုင်သော စီမံခန့်ခွဲမှုကော်မတီ၊ စည်ပင်သာယာရေးကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီအဆင့်ဆင့် (ကော်သုံးကော်)တို့၏ လျော့ရဲပြီး အဂတိတရားမကင်းသည့် လုပ်ဆောင်ချက်များကို ထိရောက်စွာ ထိန်းညှိပေးနိုင်မည့် အစီအမံတစ်ခုကို အလျင်အမြန် ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်သို့ တင်သွင်းခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အဆိုကို အတည်ပြုခဲ့ပါတယ်။

**ဥပဒေကြမ်း တင်သွင်းခြင်းကဏ္ဍအနေနဲ့ -**

အမျိုးသားလွှတ်တော်မှာ စတင်ဆွေးနွေးနိုင်ရန် ပေးပို့ထားတဲ့ တံတားကြီးများ ဥပဒေကြမ်း၊ နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်ရေး ဥပဒေကြမ်းတို့ကို လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် အဌမပုံမှန် အစည်းအဝေးတွင် တင်သွင်းခဲ့သည့် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

**အမျိုးသားလွှတ်တော်မှ စတင်ဆွေးနွေး အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ထားတဲ့ ဥပဒေကြမ်းများအနက် -**

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးရာတွင်

လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးရန် ပေးပို့ခဲ့ပါတယ်။ ယင်းဥပဒေအား ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၄ ဖြင့် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ပါတယ်။

မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခဲ့ရာ လွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ပါတယ်။ ယင်းဥပဒေအား ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၆ ဖြင့် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ပါတယ်။

၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်း၊ စာပေနှင့် အနုပညာ မူပိုင်ခွင့် ဥပဒေကြမ်း၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား လွှတ်တော်သို့ အသိပေးပြီး ဆွေးနွေးရန် အမည်စာရင်း တောင်းခံခဲ့ပါတယ်။

**ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေး အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့သည့် ဥပဒေကြမ်းများအနက် -**

မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းတို့ကို ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့သော တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အစီရင်ခံစာ ပြန်လည်ဖတ်ကြားခြင်း၊ အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းပြီး ဆွေးနွေးရန် အမည်စာရင်း တောင်းထားသည့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်း၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်းတို့ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းသည့် ဥပဒေကြမ်းများမှာ အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးတွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းပြီး ဆွေးနွေးရန် အမည်စာရင်း တောင်းခံထားသည့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်း (ဥက္ကဋ္ဌ၊ တောင်သူလယ်သမားရေးရာကော်မတီ) တင်သွင်းသည့် ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

နှင့် အဆုံးအဖြတ် ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း က ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ၎င်းတို့၏ ဆွေးနွေးချက်များကို ဥပဒေကြမ်းကော်မတီသို့ ပြန်လည်ကြားနာနိုင်ရန် ပေးပို့ခဲ့ပါတယ်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး က တရားလွှတ်တော် ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးနိုင်ရန် အမည်စာရင်းတောင်းခံခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နည်းဥပဒေများနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာ့သတ္တုတွင်း နည်းဥပဒေများကို အမျိုးသားလွှတ်တော်၌ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ဆွေးနွေးခြင်း၊ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစီရင်ခံစာ တင်သွင်းခြင်းကဏ္ဍတွင် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်၊ အဋ္ဌမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခြင်းနှင့် လွှတ်တော်က အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီများ၏ လွှတ်တော်အစည်းအဝေးကာလအတွင်း ဆောင်ရွက်ခဲ့သည့် ကော်မတီအစည်းအဝေးများမှာ ဥပဒေကြမ်းကော်မတီ (၂၂)ကြိမ်၊ ပြည်သူ့ငွေစာရင်းကော်မတီ(၄)ကြိမ်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ (၂၀)ကြိမ်၊ နိုင်ငံတကာဆက်ဆံရေး လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (၄)ကြိမ်၊ ကျန်းမာရေး၊ အားကစားနှင့်ယဉ်ကျေးမှုဆိုင်ရာကော်မတီ (၄)ကြိမ်၊ တိုင်းရင်းသားရေးရာကော်မတီ (၁၀)ကြိမ်၊ တောင်သူလယ်သမားရေးရာကော်မတီ (၆)ကြိမ်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီ (၇)ကြိမ်၊ ပညာရေးမြှင့်တင်မှုကော်မတီ(၆)ကြိမ်၊ ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာ ကော်မတီ (၈)ကြိမ်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ (၈)ကြိမ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ (၉)ကြိမ်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ (၄)ကြိမ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ (၁)ကြိမ်၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီ (၅)ကြိမ် စုစုပေါင်း ကော်မတီအစည်းအဝေး(၁၁၈)ကြိမ် ပြုလုပ်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအတွက် သုတေသန ပြည်သူ့ဆက်ဆံရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနကြီးမှ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးကာလအတွင်း စာတမ်းတို (၃)စောင်ထုတ်ဝေခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်(၇၃)ဦးမှ သိရှိလိုသည့် သတင်းအချက်အလက် မေးမြန်းခဲ့မှုများအနက် (၈၆)ချက်ကို ရှာဖွေဆောင်ရွက်ခဲ့ပြီး ဆောင်ရွက်ဆဲ (၁၅)ချက်ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်များကို အသိပေးတင်ပြအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မိမိတို့သက်ဆိုင်ရာ ဒေသအသီးသီးသို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပြန်လည်ရောက်ရှိကြပြီး မိမိတို့ရဲ့ မဲဆန္ဒရှင် ပြည်သူများအကျိုး၊ ဒေသရဲ့အကျိုး၊ နိုင်ငံတော်ရဲ့ အကျိုးကို ဆထက်ထမ်းပိုး ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၂း၅၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ၁၂း၅၂ နာရီအချိန်တွင် ရပ်နားပါသည်။]